# ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၆ ရက် ကြာသပတေးနေ့။ Thursday, 21 May 2026 ၁၂၁၈၅


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့်အတူနေရခြင်းသည် ရန်သူနှင့်အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့်အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့်အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နေပြည်တော်ရင်ပြင်တွင် ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မြို့ပြအင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဒုတိယသမ္မတ ဦးညိုစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးဆန်းဦး၊ ဦးမျိုးသန့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းနှင့် တာဝန်ရှိသူများလိုက်ပါ၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မြို့ပြအင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် မန္တလေးလျှင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)သို့ ရောက်ရှိပြီး ထိခိုက်ပျက်စီးခဲ့မှုများအား မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ အကြံပြုချက်၊ သတ်မှတ်ချက်များနှင့်အညီ ငလျင်ဒဏ်ခံနိုင်မှုရှိစေရေး အဆင့်အလိုက်၊ အပိုင်းအလိုက် ပြန်လည်ပြင်ဆင် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

## လျှပ်စစ်ဓာတ်အားသုံးစွဲသူပြည်သူများသို့ အသိပေးတင်ပြခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် ပြည်သူများသို့ လျှပ်စစ်ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ရန်အတွက် စွမ်းအင်အရင်းအမြစ်မျိုးစုံမှ ဓာတ်အားများကို စိစစ်ထုတ်လုပ်၍ ၂၀၂၆ ခုနှစ်၊ ဧပြီလ (၂၂) ရက်နေ့မှ စတင်ပြီး အဆင့်ဆင့်တိုးမြှင့်ထုတ်လုပ်ပေးခဲ့ရာ ယနေ့အချိန်အထိ နေ့စဉ် ယူနစ် ၁၀ သန်းခန့်ထိ တိုးမြှင့်ဖြန့်ဖြူးပေးလျက်ရှိပါသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ◯

၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့မှစ၍ အဆင့်လိုက် လျှပ်စစ်ဓာတ်အားတိုးမြှင့်ပေးနေမှုအခြေပြဇယား




### ယနေ့ ဖတ်စရာ


ကျောင်းပြင်ပရောက်ကလေးများ (မူလတန်းဆင့်နှင့်အလယ်တန်းဆင့်) ကျောင်းသို့ ပြန်လည်ရောက်ရှိရေး Placement Test (အထူးအစီအစဉ်) ဆောင်ရွက်ပေးမည် ဆောင်းပါး စာမျက်နှာ » ၇

တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် (၁၈)နှစ်အောက်(အမျိုးသား) ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ စာမျက်နှာ » ၉

စံချိန်စံညွှန်းပြည့်မီသည့် အရည်အသွေးကောင်းပို့ကုန်သီးနှံများ တိုးတက်စိုက်ပျိုးထုတ်လုပ်ရေး ညှိနှိုင်းဆွေးနွေး စာမျက်နှာ » ၁၀

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို စာမျက်နှာ » ၁၇

ကြေးမုံ

# နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူ တစ်သားတည်းဖြစ်တည်မှုကိုသက်သေထူ

“နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်”ဟူသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံ့သားကောင်းများသည် မိမိဆန္ဒအလျောက် စိတ်အားထက်သန်စွာ ပြည်သူ့စစ်မှုထမ်းအဖြစ် စာရင်းပေးသွင်းပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်နေကြပြီဖြစ်သည်။

ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁)ကို ၂၀၂၄ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၄)အထိ ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းဥပဒေအရ နိုင်ငံသားများသည် ပြည်သူ့စစ်မှုထမ်းတာဝန်ကို နှစ်နှစ်ထမ်းဆောင်ရမည်ဖြစ်ပြီး တာဝန်ကျေပွန်စွာ ထမ်းဆောင်ပြီးခဲ့သည့် နိုင်ငံ့သားကောင်းစစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်နှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ်ကို ဂုဏ်ပြုချီးမြှင့်ပေးမည်ဖြစ်သည်။ ယခုအခါ ပြည်သူ့စစ်မှုထမ်းအမှတ်စဉ် (၁)နှင့် အမှတ်စဉ်(၂)မှ နိုင်ငံ့သားကောင်းများအနေဖြင့် သတ်မှတ်စစ်မှုထမ်းကာလကို တာဝန်ကျေပွန်စွာ ထမ်းဆောင်ပြီးမြောက်ပြီးဖြစ်၍ အသိအမှတ်ပြုလက်မှတ်၊ ဂုဏ်ပြုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများလက်ခံပြီး မိဘရင်ခွင်သို့ ပြန်လည်ရောက်ရှိကြပြီဖြစ်သည်။

သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများအနေဖြင့် နိုင်ငံနှင့် လူမျိုးကို ချစ်မြတ်နိုးသောစိတ်၊ ကာကွယ်စောင့်ရှောက်လိုသောစိတ်၊ နိုင်ငံကြီးသား ပီသသည့်စိတ်များဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေပါ တာဝန်များကို ကျေပွန်စွာထမ်းဆောင်သူအဖြစ် သမိုင်းဝင်ကမ္ပည်းမော်ကွန်းထိုး မှတ်တမ်းဝင်ခဲ့ပြီဖြစ်သည်။ နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့်လည်း ၎င်းတို့စစ်မှုထမ်းဆောင်စဉ်ကာလတစ်လျှောက်တွင် ရသင့်ရထိုက်သည့် အကျိုးခံစားခွင့်များ၊ လစာ၊ ရိက္ခာနှင့် အခြားထောက်ပံ့မှုများ စနစ်တကျ စီမံဆောင်ရွက်ပေးခဲ့သည်။

အထူးသဖြင့် တိုင်းပြည်အတွက် လိုအပ်နေသည့်အချိန်တွင် အသက်ကိုပဓာနမထားဘဲ နိုင်ငံတော်အကျိုးအတွက် တပ်မတော်၏ အရန်အင်အားအဖြစ် ဖြည့်ဆည်းဆောင်ရွက်ပေးမှုအပေါ် နိုင်ငံတော်နှင့် တပ်မတော်က တန်ဖိုးထားလေးစားဂုဏ်ပြုလျက်ရှိသည်။ ပြည်သူ့စစ်မှုထမ်းများသည် သတ်မှတ်စစ်မှုထမ်းကာလပြီးဆုံးပါက မိဘရပ်ထံသို့ စိတ်အေးချမ်းသာစွာပြန်နိုင်ပြီး အကယ်၍ မိမိသဘောဆန္ဒအလျောက် တပ်မတော်တွင် ဆက်လက်အမှုထမ်းဆောင်လိုပါက ထမ်းဆောင်နိုင်ခြင်း၊ ကုမ္ပဏီဝန်ထမ်းဖြစ်ပါက ယခင်အလုပ်အကိုင် သို့မဟုတ် အလားတူ ရာထူးအတိုင်း ပြန်လည်ခန့်အပ်ခံရခြင်းနှင့် နိုင်ငံတော်က ပေးအပ်ချီးမြှင့်သည့် ထိုက်သင့်သောအကျိုးခံစားခွင့်များကို ရရှိမည်ဖြစ်သည်။

ထို့အပြင် သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ပြီးသူများအနေဖြင့် အရပ်ဘက်တွင် အလုပ်လုပ်ကိုင်နိုင်ရန်အတွက် ၎င်းတို့ဆန္ဒအလျောက် သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်ထားသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်နိုင်ရေး၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း/ပြည်ပ ကုမ္ပဏီဝန်ထမ်းအဖြစ် လုပ်ကိုင်နိုင်ရေးနှင့် ၎င်းတို့၏ ရပ်ရွာများ၌ ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်နိုင်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထိုသို့လုပ်ကိုင်နိုင်ရန်အတွက် “စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ” အနေဖြင့် လိုအပ်သည်တို့ကို ကူညီဆောင်ရွက်ပေးလျက်ရှိပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)နှင့် ပြည်ပအလုပ်အကိုင် ရှာဖွေရေးအေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဟု သိရသည်။

နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းအချို့သည် ၎င်းတို့၏ ကိုယ်ပိုင်ဆန္ဒဆုံးဖြတ်ချက်ဖြင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန်အတွက် တပ်မတော်တွင် ဆက်လက်တာဝန်ထမ်းဆောင်နေသည်ကို မြင်တွေ့ရသဖြင့် ဂုဏ်ယူဝမ်းမြောက်မိသည်။ နိုင်ငံတော်အတွက် တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သည့် နိုင်ငံ့သားကောင်းများနှင့် နိုင်ငံတော်က ဂုဏ်ပြုအလေးထား ဆောင်ရွက်ပေးမှုများသည် တပ်မတော်နှင့် ပြည်သူ ယုံကြည်မှု၊ အပြန်အလှန်လေးစားမှု၊ ကိုယ်ချင်းစာနားလည်မှုနှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် နိုင်ငံသားတိုင်း၏ တာဝန်သိမှု၊ တာဝန်ရှိမှုကိုဖော်ပြသည့် သမိုင်းဝင်မှတ်တိုင်တစ်ခုဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် တာဝန်ကျေပွန်စွာထမ်းဆောင်လျက်ရှိသည့် ပြည်သူ့စစ်မှုထမ်းများ၊ သင်တန်းတက်ရောက်နေဆဲ ပြည်သူ့စစ်မှုထမ်းများနှင့် နောင်လာမည့် မျိုးဆက်သစ်လူငယ်လူရွယ်များအတွက် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် တပ်မတော်နှင့်ပြည်သူ တစ်သားတည်းဖြစ်တည်နေမှုကို အပြည့်အဝ သက်သေထူနိုင်သည့် သမိုင်းမှတ်တိုင်ကို မြန်မာနိုင်ငံတွင် စိုက်ထူနိုင်ပြီဖြစ်ပါကြောင်း။ ။

## ကယားပြည်နယ်၌ အခြေခံမွေးမြူရေးသင်တန်း ဖွင့်လှစ်

**လွိုင်ကော် မေ ၂၀**

ကယားပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက အခြေခံမွေးမြူရေး သင်တန်းဖွင့်ပွဲကို ယမန်နေ့က ပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဖရူဆိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် မွေးမြူရေးလုပ်ကိုင်သူများ တက်ရောက်ကြသည်။ ပြည်နယ်ဦးစီးဌာနမှူး ဒေါက်တာဌေးဇော်ဦးက ကယားပြည်နယ်အတွင်း မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကိုရှင်းလင်းကာ ဖရူဆိုမြို့နယ် ဦးစီးမှူး ဒေါက်တာစောသေးရယ်က သင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

**သင်ကြားဆွေးနွေး**

ဖရူဆိုမြို့နယ်မှ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၀ ကို ဝက်မွေးမြူရေးနှင့် ဒေသကြက် မွေးမြူထုတ်လုပ်မှု အကြောင်းအရာများကို မေ ၁၉ ရက်မှ ၂၀ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

**မေစု(ပြန်/ဆက်)**

## (၂၀-၅-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၄.၈~၃၆၆၅.၂ | ၅၅၈.၂~၅၅၈.၄ | ၁၂၅.၄~၁၂၅.၆ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၇,၇၈၂,၂၄၀.၂၇ | ၂၆,၈၃၉,၇၂၉.၈၈ | ၁၁၃,၀၆၈,၇၆၁.၈၈ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ စက်မှုကုန်ကြမ်း၊ ဓာတ်မြေဩဇာ၊ တိရစ္ဆာန်အစာ၊ စားသုံးကုန်စည်၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်း၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၂.၀၇ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၄,၀၀၀ ကိုလည်းကောင်း၊ Non Trade ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀.၀၂ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

## ၂၀ - ၅ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၀ - ၅ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၄,၀၀၀ | ၁၄,၅၀၀ | ၁,၈၀၂ | ၂၅,၂၂၈,၅၀၀ |
| MTSH | ၆,၆၀၀ | ၆,၇၀၀ | ၅,၃၉၂ | ၃၅,၅၁၆,၂၀၀ |
| MCB | ၉,၄၀၀ | ၉,၆၀၀ | ၄,၀၆၆ | ၃၈,၄၃၈,၈၀၀ |
| FPB | ၄,၅၀၀ | ၄,၅၀၀ | ၃,၉၃၄ | ၁၈,၀၈၈,၄၀၀ |
| TMH | ၃,၃၀၀ | ၃,၂၀၀ | ၂၅ | ၈၂,၂၀၀ |
| EFR | ၁,၇၅၀ | ၁,၇၅၀ | ၄,၂၁၁ | ၇,၃၆၉,၅၀၀ |
| AMATA | ၃,၉၀၀ | ၃,၉၀၀ | ၂၅ | ၉၇,၅၀၀ |
| MAEX | ၄,၂၀၀ | ၄,၃၀၀ | ၁,၀၁၇ | ၄,၂၇၁,၅၀၀ |
| MADPL(PLB) | ၄,၀၀၀ | ၄,၀၀၀ | ၃,၁၀၀ | ၁၂,၄၀၀,၀၀၀ |
| ASPGB(PLB) | ၃၉,၀၀၀ | ၃၉,၀၀၀ | ၀ | ၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**


ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**စာတည်းမှူး** - အေဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)၌ မန္တလေးလျှင်ကြီးကြောင့် ဖြစ်ပေါ်ခဲ့သည့် ထိခိုက်ပျက်စီးမှုများအား ပြန်လည်ပြင်ဆင် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

☆ ရွှေဖုံးမှ

ထို့နောက် မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်) မျက်နှာစာ သန့်ရှင်းသာယာလှပရေးနှင့် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေး၊ စနစ်တကျဖြစ်စေရေး ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ မဏိရတနာကျောက်စိမ်းခန်းမနှင့် ကျောက်စိမ်းဥယျာဉ် (နေပြည်တော်)တို့သို့ရောက်ရှိပြီး ထိန်းသိမ်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ မဏိရတနာကျောက်စိမ်းခန်းမကြီး အတွင်းအပြင်အား လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်သွားရန်လိုကြောင်းနှင့် ကျောက်စိမ်းဥယျာဉ်အား အဆင့်အတန်းမီပြီး သန့်ရှင်းသပ်ရပ်သည့် ဥယျာဉ်အဖြစ် ပြန်လည် အဆင့်မြှင့်တင်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း မှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ရာဇသင်္ဂဟလမ်းတစ်လျှောက် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် သပြေကုန်းအဝိုင်းအနီးဝန်းကျင်၌ မြို့ပြအင်္ဂါရပ်နှင့်လျော်ညီစွာ ဆောင်ရွက်သွားနိုင်ရေးအတွက် လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နေပြည်တော်မြို့အဝင်မုခ်ဦး(Naypyitaw Gate) နှင့် ပန်းခြံတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**စနစ်တကျတွက်ချက် ဆောင်ရွက်**

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်သမ္မတက နေပြည်တော်မြို့အဝင်မုခ်ဦးအား မြန်မာ့ယဉ်ကျေးမှုပုံစံဖြင့် အဆင့်မီမီဖြစ်စေရေး စနစ်တကျတွက်ချက် ဆောင်ရွက်သွားရန်နှင့် လုပ်ငန်းဆောင်ရွက်မှုများအား စနစ်တကျဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ရှောင်ကွင်းလမ်းသစ်နေရာများ၌လည်း ရေစီးရေလာကောင်းမွန်စေရေးနှင့် စနစ်တကျဖြစ်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း သန့်ရှင်းသာယာ လှပရေးနှင့် စိမ်းလန်းစိုပြည်ရေး အတွက် စည်ပင်သာယာရေး ကော်မတီအဖွဲ့များက အလေးထားဆောင်ရွက်သွားရန် လိုကြောင်း၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များ အနေဖြင့် မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် နေပြည်တော်ရင်ပြင်သို့ ရောက်ရှိကြပြီး ရင်ပြင်ပတ်လည်နေရာများ၌ မြန်မာ့သမိုင်းဝင်အထင်ကရပုဂ္ဂိုလ်များ၏ ရုပ်တုများ ထည့်သွင်းတည်ဆောက်သွားရန်၊ စကျင်ကျောက်များဖြင့် ရုပ်လုံးရုပ်ကြွများ ထည့်သွင်းတည်ဆောက်သွားရန်၊ ရင်ပြင်ပတ်လည်တွင် မြို့ပြအင်္ဂါရပ်နှင့် လျော်ညီသည့်အဆောက်အအုံများ ထည့်သွင်း တည်ဆောက်သွားကြရန် တာဝန်ရှိသူများကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဂုဏ်ပြုဗိမာန် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်ခန်းမ၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ဂုဏ်ပြုဗိမာန် အဆိုပြု 3D ပုံစံများ၊ ဗိမာန်ပတ်ဝန်းကျင်၌ သစ်ပင်ပန်းမန်များ ထည့်သွင်းစိုက်ပျိုးသွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ပြည်ထောင်စုဂုဏ်ပြုဗိမာန်အတွင်း ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးအတွက် ကြိုးပမ်း တည်ဆောက်ခဲ့ကြသည့် ပုဂ္ဂိုလ်ကြီးများ ရုပ်တုများကို ထုဆစ် ထားရှိသွားမည်ဖြစ်ကြောင်း၊ ဗိမာန်နှင့် အခြေခံအဆောက်အအုံများ တည်ဆောက်ရာတွင်လည်း မြန်မာမှု၊ ယဉ်ကျေးမှုနှင့်ခေတ်သစ်ဗိသုကာအနုပညာလက်ရာတို့ကို အချိုးညီထည့်သွင်းတည်ဆောက်သွားရန် လိုကြောင်း၊ ဗိမာန် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပမှုရှိစေရေး အမြဲစိမ်းသစ်ပင်များနှင့် ပန်းမန်များကို စနစ်တကျဖြင့် ထည့်သွင်း စိုက်ပျိုးသွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဂုဏ်ပြုဗိမာန် တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ **နေပြည်တော် မြို့အဝင်မုခ်ဦးအား မြန်မာ့ယဉ်ကျေးမှုပုံစံဖြင့် အဆင့်မီမီဖြစ်စေရေး စနစ်တကျတွက်ချက် ဆောင်ရွက်သွားရန်နှင့် လုပ်ငန်းဆောင်ရွက်မှုများအား စနစ်တကျဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်သွားရန်လို**

❖ **ရှောင်ကွင်းလမ်းသစ်နေရာများ၌လည်း ရေစီးရေလာကောင်းမွန်စေရေးနှင့် စနစ်တကျဖြစ်စေရေး ဆောင်ရွက်သွားရန်လို**

❖ **ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် စည်ပင်သာယာရေးကော်မတီအဖွဲ့များက အလေးထားဆောင်ရွက်သွားရန်လို**




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နေပြည်တော်မြို့အဝင်မုခ်ဦး(Naypyitaw Gate)နှင့် ပန်းခြံတည်ဆောက်ရေးလုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးစဉ်။

# ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂၀

ပြည်ထောင်စု လွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဆောင် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက်နှင့် မြန်မာ့လွှတ်တော်များ အကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားရေး၊ တရုတ်နိုင်ငံ၏ စီးပွားရေးအောင်မြင်မှုများနှင့် မူဝါဒသစ်များမှ မြန်မာနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံများအတွက် အခွင့်အလမ်းသစ်များ ဖော်ဆောင်ပေးနိုင်ရေး၊ မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးခရီးလမ်း ခိုင်မာစေရေးအတွက် နိုင်ငံနှင့် ကိုက်ညီသည့်ဒေသအခြေခံ ဖက်ဒရယ်စနစ်ကို ဖော်ဆောင်နေမှု အခြေအနေ၊ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်၊ ဒုတိယအကြီးဆုံး ရင်းနှီးမြှုပ်နှံသည့် နိုင်ငံဖြစ်သည့်အတွက် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး၊ ပြည်တွင်းတည်ငြိမ်အေးချမ်းရေးအတွက် လက်နက်ကိုင်အဖွဲ့အားလုံးကို ဥပဒေဘောင်အတွင်း ဝင်ရောက်ရေး အစဉ်တစိုက် ဖိတ်ခေါ်လျက်ရှိရာ ယခုအစိုးရသစ်၏ ရက် (၁၀၀) ငြိမ်းချမ်းရေးအစီအစဉ်အဖြစ် ၂၀၂၆ ခုနှစ် ဧပြီ ၂၀ ရက်မှ ဇူလိုင် ၃၁ ရက်အတွင်း ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ဖိတ်ခေါ်ထားမှု အခြေအနေ၊ နှစ်နိုင်ငံနယ်နိမိတ်ချင်း မိုင်ပေါင်းများစွာ ထိစပ်နေသည့်အတွက် နယ်စပ်ဒေသ တည်ငြိမ်ရေးနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနက်ရှိုင်းစေရေး အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အတူ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Jeng Phang နော်တောင်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့် တရုတ်သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး၌ ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုခဲ့သော မြန်မာအီလက်ထရောနစ်မဲပေးစက်များ ထိန်းသိမ်းထားရှိမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၀

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးနှင့် ကော်မရှင်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းက ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် မန္တလေးတိုင်းဒေသကြီး မြို့နယ် ၂၅ မြို့နယ်၌ အသုံးပြုခဲ့သည့် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) များ ထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး မဲပေးစက်များ ထိခိုက်ပျက်စီးမှုမရှိစေရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ တိုင်းဒေသကြီး ကြီးကြပ်မှုအဖွဲ့၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်မှ ကော်မရှင်အဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲသည် တရားမျှတသည့် ရွေးကောက်ပွဲ၊ ပြည်သူလူထုထောက်ခံသည့် ရွေးကောက်ပွဲအဖြစ် မှတ်ကျောက်တင်နိုင်ခဲ့ကြောင်း၊ နောင်ကျင်းပမည့် ရွေးကောက်ပွဲများကိုလည်း ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးစားဆောင်ရွက်ပေးကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။




ယမန်နေ့ကလည်း ပြင်ဦးလွင်မြို့၌ ထိန်းသိမ်းထားရှိသည့် မဲပေးစက်များကို ကြည့်ရှုစစ်ဆေးပြီး ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အဆင့်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ၂၀၂၆ ခုနှစ် ဧပြီလ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှုအား ၂၀၂၅ ခုနှစ် ဧပြီလနှင့် နှိုင်းယှဉ်ခြင်း




## ၂၀၂၆ ခုနှစ် မေလ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုအား ၂၀၂၅ ခုနှစ် မေလနှင့် နှိုင်းယှဉ်ခြင်း




**❍ လျှပ်စစ်ဓာတ်အားမှ**

၂။ တိုးမြှင့်ရရှိလာသော လျှပ်စစ်ဓာတ်အားများကို နိုင်ငံတစ်ဝန်းရှိ မြို့နယ်များသို့ အချိုးကျ တိုးမြှင့်ဖြန့်ဖြူးပေးလျက်ရှိရာ နေ့စဉ် ယူနစ် (၅၉.၄)သန်း ဖြန့်ဖြူးပေးနေရာမှ ယူနစ် (၇၀) သန်းအထိ တိုးမြှင့်လာခြင်းဖြစ်ပါသည်။

၃။ လျှပ်စစ်သုံးစွဲမှု အမြင့်ဆုံးကာလများဖြစ်သည့် ၂၀၂၆ ခုနှစ် ဧပြီလနှင့် မေလတို့အတွက် ဖြန့်ဖြူးပေးနိုင်ခဲ့မှုကို ၂၀၂၅ ခုနှစ် ဧပြီလ၊ မေလတို့နှင့်နှိုင်းယှဉ်ပါက သိသာစွာ တိုးမြှင့်ဖြန့်ဖြူးနိုင်ခဲ့သည်ကို တွေ့ရှိရမည် ဖြစ်ပါသည်။

၄။ ပူပြင်းသည့် ယခုအချိန်အခါများတွင် သုံးစွဲမှုမှာ သိသာစွာတိုးမြှင့်လျက်ရှိသဖြင့် နေရာဒေသအလိုက် အလှည့်ကျ အချိန်ပိုင်းဝန်အားလျှော့ချ၍ ဆောင်ရွက်နေရပါသည်။ သို့ဖြစ်ရာ လျှပ်စစ်မီး ပြန်လည်ပေးဝေသည့်အချိန်များတွင် တစ်ပြိုင်တည်း ရယူသုံးစွဲကြသဖြင့် Starting Load များ မြင့်တက်ပြီး ဓာတ်အားပြတ်တောက်ခြင်းအပြင် မမျှော်မှန်းနိုင်သည့်အခြေအနေများဖြစ်သည့် မိုးသက်လေပြင်း တိုက်ခတ်ခြင်း၊ မြေပြိုခြင်းများ စသည့်အခြေအနေများကြောင့် အချိန်ပိုင်း ဓာတ်အားပြတ်တောက်ခြင်းများ ဖြစ်ပေါ်နေလျက်ရှိပါသည်။

၅။ ယင်းဖြစ်စဉ်များ လျော့နည်းပပျောက်သွားစေရန်အတွက် အစီအမံများချမှတ်ဆောင်ရွက်လျက်ရှိနေပြီး ဒေသအလိုက် ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများ၏ ဝန်အားနိုင်နင်းမှုအပေါ် မူတည်ပြီး ပြည်သူများ လျှပ်စစ်ဓာတ်အားပိုမိုသုံးစွဲနိုင်ရေး အဆင့်လိုက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၆။ ပြည်သူ့ဆေးရုံကြီးများ၊ အရေးကြီးဌာနဆိုင်ရာများ၊ LNG ဖြင့် ဓာတ်အားရယူထားသော စက်မှုဇုန်များ၊ စီးပွားရေးလုပ်ငန်းများသို့ အချိန်ပြည့်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးထားပြီး ရုံးပိတ်ရက်များတွင် အများပြည်သူသို့ လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးလျက်ရှိပါသည်။

၇။ လျှပ်စစ်ဓာတ်အားသုံးစွဲသူ ပြည်သူများအနေဖြင့်လည်း လျှပ်စစ်ဓာတ်အားပြုန်းတီးမှု မဖြစ်ပေါ်စေရေး တစ်ဦးချင်းအနေဖြင့် စနစ်တကျသုံးစွဲရန် လိုအပ်မည်ဖြစ်သကဲ့သို့ ရည်ရွယ်ချက်ရှိစွာ လျှပ်စစ်ဓာတ်အားပြုန်းတီးမှု ဖြစ်ပေါ်စေရေး ဆောင်ရွက်နေမှုများကို တိကျစွာတိုင်ကြားလာမှုများအပေါ် ထိရောက်စွာ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ ယခုရက်သတ္တပတ်အတွင်း တိုင်ကြားသူများ ကျေနပ်မှု ရှိသည်အထိ ဝန်ဆောင်မှုပေးနိုင်ခဲ့ခြင်းဖြင့် ပြည်သူများ ဓာတ်အားတိုးမြှင့်ရရှိစေလျက်ရှိပါသည်။

၈။ နိုင်ငံတော် ဓာတ်အားစနစ်အတွင်း လေလွင့်ဆုံးရှုံးမှုများ လျော့နည်းလာခြင်းဖြင့် ပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲခွင့် ပိုမိုရရှိလာကြမည်ဖြစ်ရာ လျှပ်စစ်ဓာတ်အားစနစ်နှင့်စပ်လျဉ်း၍ နိုင်ငံတော်နှင့် ပြည်သူများ နစ်နာစေမှုများ တွေ့ရှိရပါက ဖော်ပြပါ Call Center များသို့ အကြံပြုခြင်း၊ တိကျစွာ တိုင်ကြားခြင်းတို့ဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြပါရန် အသိပေး မေတ္တာရပ်ခံအပ်ပါသည်-

- ❖ **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန (နေပြည်တော်)** – ၀၆၇-၃၄၁၀၀၇၂
- ❖ **ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (YESC)** – ၁၇၁၇
- ❖ **မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (MESC)** – ၁၆၁၆၊ ၀၂-၄၀၃၉၃၃၀၊ ၀၂-၄၀၇၃၆၆၆၊ ၀၂-၄၀၇၂၆၁၈ (Hot Line)
- ❖ **ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်များ** –ဌာန၏ဝက်ဘ်ဆိုက်ဖြစ်သော https://www.moep.gov.mm တွင် ဆက်သွယ်ရန် ဖုန်းနံပါတ်များကို ရယူ၍ ဆက်သွယ်နိုင်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ကလောမြို့ရှိ နယ်မြေခံသင်တန်းကျောင်းမှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများအား တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် မေ ၂၀**

တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး သည် ကလောမြို့ရှိ နယ်မြေခံ သင်တန်းကျောင်းမှ နည်းပြ အရာရှိကြီးများနှင့် သင်တန်းသား အရာရှိကြီးများအား ယနေ့နံနက် ပိုင်းတွင် အဆိုပါသင်တန်းကျောင်း ခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ကလောမြို့ရှိ နယ်မြေခံသင်တန်းကျောင်းမှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

အဆိုပါတွေ့ဆုံပွဲသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီးထွန်းဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ စစ်ဦးစီးတက္ကသိုလ်မှ နည်းပြ အရာရှိကြီးများနှင့် သင်တန်းသား အရာရှိကြီးများ တက်ရောက်ကြသည်။

**ခေါင်းဆောင်မှုသည် အရေးကြီးပြီး ခေါင်းဆောင်မှု အင်္ဂါရပ်နှင့် ပြည့်စုံနေရန်လို**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် တပ်ဌာနချုပ်၏ တပ်တည်ဆောက်ရေးလုပ်ငန်းတွင် ဖြစ်စေ၊ လုံခြုံရေးနှင့် စစ်ဆင်ရေးတာဝန် ထမ်းဆောင်ရာတွင်ဖြစ်စေ ဦးစီးဦးဆောင်ပေးရသော တပ်မှူးများ အပေါ်မူတည်၍ အောင်မြင်မှုရနိုင်မည်ဖြစ်ကြောင်း၊ အလားတူ တပ်စိတ်၊ တပ်စု၊ တပ်ခွဲ အဆင့်တိုင်းတွင် ဦးစီးဦးဆောင်ပေးရသော ခေါင်းဆောင်အပေါ်မူတည်၍ အရည်အသွေးနှင့်စွမ်းဆောင်မှု ကွာခြားသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ခေါင်းဆောင်မှုသည်အရေးကြီးပြီးခေါင်းဆောင်မှုအင်္ဂါရပ်နှင့် ပြည့်စုံနေရန် လိုကြောင်း၊ ထို့အပြင် ခေါင်းဆောင်သည် စည်းရုံးရေးမှူးကောင်းတစ်ယောက်ဖြစ်ရန်လိုပြီး မိမိလက်အောက်မှ ယုံကြည်မှုအပြည့်ဖြင့် လိုက်ပါလာအောင်စွမ်းဆောင်နိုင်ရန်လိုကြောင်း။

တပ်မှူးများသည် အုပ်ချုပ်ရေးအပိုင်းမှ လူမှုရေးကဏ္ဍများတွင် ဖခင်စိတ်ဓာတ်၊ ညီအစ်ကိုစိတ်ဓာတ်ဖြင့် ဆောင်ရွက်ရန် လိုသော်လည်း လုံခြုံရေးနှင့် စစ်ဆင်ရေး အပိုင်းများတွင် Commander စိတ်ဓာတ်ဖြင့် တွန်းတွန်းတိုက်တိုက် ဆောင်ရွက်ရမည်ဖြစ်၍ မှန်ကန်စွာပိုင်းခြားတတ်ရန်လိုကြောင်း၊ အဓိကကျသော ခေါင်းဆောင်များ၊ အရာရှိများက တပ်များကို မှန်ကန်စွာဦးဆောင်မှုပေးပါက တပ်တွင်း စည်းလုံးညီညွတ်မှု တိုးတက်လာမည်ဖြစ်ကြောင်း။

အုပ်ချုပ်ရေးနှင့် ပတ်သက်၍ တပ်မှူးများသည် တရားစီရင်ခွင့် အခွင့်အာဏာ ရှိသူများဖြစ်၍ စစ်ဘက် တရားစီရင်မှုအပိုင်းကို မှန်ကန်သော ဆင်ခြင်တုံတရားဖြင့် ဆောင်ရွက်ရန် လိုကြောင်း၊ အရာရှိများနှင့် ပတ်သက်၍ Commander အဆင့်ဆင့်က ထိန်းသိမ်းပေးရန်လိုပြီး ညီအစ်ကိုစိတ်ဓာတ်ဖြင့် ထိန်းသိမ်းပေးရန် လိုကြောင်း၊ Guardian စနစ်၊ စိတ်ဓာတ်ဖြင့် အထက်အောက် ထိန်းသိမ်းမှုဖြင့် သွားရမည်ဖြစ်ပြီး ကောင်းမွန်သော အစဉ်အလာကောင်းများဖြင့် ကြပ်မတ်ကွပ်ကဲခြင်းဖြင့် စည်းလုံးညီညွတ်မှုကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ ဦး၊ ရေး၊ ထောက်လုပ်ငန်းများကို Check၊ Recheck၊ Counter Check ဖြင့် လုပ်ဆောင်ခြင်းဖြင့် လုပ်ငန်းလစ်ဟင်းမှုမရှိစေဘဲ တပ်များ၏ စွမ်းရည်တိုးတက်လာမည် ဖြစ်ကြောင်း။

အုပ်ချုပ်ရေးစွမ်းရည် ကျဆင်းလျှင် စစ်ရေးစွမ်းရည်နှင့် စည်းရုံးရေးစွမ်းရည်များပါ ကျဆင်းပြီး စည်းကမ်းမရှိလျှင် စည်းရုံးရေးလည်း ကျဆင်းနိုင်၍ အုပ်ချုပ်ရေးစွမ်းရည်တွင် ပါဝင်သည့် စစ်စည်းကမ်း လိုက်နာမှုအပိုင်း၊ စီမံခန့်ခွဲမှု အပိုင်းများတွင် ခေါင်းဆောင်များက သေချာစွာ ကြပ်မတ်ပေးရန် လိုကြောင်း။

ခေါင်းဆောင်ကောင်းများ ဖြစ်ရန် အတွေးအခေါ်ကောင်းမွန်ရမည်ဖြစ်ပြီး အတွေးအခေါ်ကောင်းမွန်ရန် အသိပညာ၊ အတတ်ပညာပြည့်ဝ၍ ဖတ်ရှုလေ့လာမှုကို မပြတ်ပြုလုပ်နေရန် လိုကြောင်း၊ မိမိကိုယ်ကိုထိန်းသိမ်းနိုင်စွမ်းရှိရန်လိုပြီး သဘောထားပြည့်ဝစွာဖြင့် မြော်မြင်ဆုံးဖြတ်တတ်ရန်လိုကြောင်း၊ ခေါင်းဆောင်တစ်ဦးအနေဖြင့် လက်အောက်ကို အမြဲတမ်းကြည့်ရှု၍ ဆုံးမပဲ့ပြင်ပြောကြားပေးနေရန် လိုကြောင်း။

**ကောင်းစွာအုပ်ချုပ်ကွပ်ကဲ တတ်ရန်လည်း လိုအပ်**

ခေါင်းဆောင်မှုနှင့် ပတ်သက်ပါက တပ်မှူးအသီးသီးသည် မှန်ကန်သည့် ဦးဆောင်မှုနှင့် လုပ်ဆောင်ပါက လက်အောက်ငယ်သားများက တပ်မှူးအပေါ် ယုံကြည်မှုရှိလာမည် ဖြစ်ကြောင်း၊ အခြေခံဖြစ်သည့် တပ်ရင်း/တပ်ဖွဲ့မှူးများ ခေါင်းဆောင်မှုကောင်းမွန်ပါက လက်အောက်စစ်သည်၊ မိသားစုဝင်များက ယုံကြည်မှုရှိ၍ လုပ်ငန်းတာဝန်များကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ တပ်မှူးတစ်ဦးသည် တစ်ဖက်တွင် စစ်တိုက်သည့် တာဝန်ကို ထမ်းဆောင်ရမည် ဖြစ်သော်လည်း စစ်တိုက်တတ်ရုံဖြင့် မပြီးသေးဘဲ တပ်ကို ကောင်းစွာ အုပ်ချုပ်ကွပ်ကဲတတ်ရန်လည်း လိုအပ်ကြောင်း၊ အဓိကကျသည်မှာ တပ်ရင်း/တပ်ဖွဲ့များရှိ တာဝန်ရှိသူများ အနေဖြင့် လက်အောက်၏ အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးရန် လိုသဖြင့် ၎င်းတို့နှင့် ထိတွေ့မှုများစွာရှိရမည်ဖြစ်ကြောင်း၊ ထိုသို့ ထိတွေ့မှုများ ပြုလုပ်ခြင်းသည် စစ်သည်များ စိတ်ဓာတ်မြင့်မားရေးနှင့် တပ်အင်အား တောင့်တင်းခိုင်မာရေးအတွက် လုပ်ဆောင်ရမည့်အချက်ပင် ဖြစ်ကြောင်း။

တပ်မှူး၊ အရာရှိကြီးများသည် တပ်မိသားစုနှင့်ထိတွေ့ရန် လိုသကဲ့သို့ ပြည်သူလူထုနှင့်လည်း အပြုသဘောဆောင်သည့်ထိတွေ့မှုရှိရန်လိုကြောင်း၊ ဆန္ဒဖော်ထုတ်ပွဲများ၊ ဆွေးနွေးပွဲများ၊ ပျော်ပွဲရွှင်ပွဲများသည် မိမိတပ်မိသားစုများနှင့် ထိတွေ့မှုများပင်ဖြစ်သည့်အတွက် မှန်မှန်ကန်ကန် လုပ်ဆောင်ရန် လိုကြောင်း။

တပ်မှူးများအနေဖြင့် မိမိတပ်ရှိ အရာရှိ၊ စစ်သည်များ ပြည်သူအပေါ် ထိတွေ့ဆက်ဆံရာတွင် ပြည်သူလူထု၏ အထင်အမြင်လွဲမှားစေနိုင်သည့် ကိစ္စရပ်များ မဖြစ်အောင် ထိန်းသိမ်းကြပ်မတ်သွားရန်လိုကြောင်း၊ ပြည်သူနှင့် ထိတွေ့ဆက်ဆံရာတွင် ပြဋ္ဌာန်းထားသည့် ဆောင်ရန်၊ ရှောင်ရန် အချက်များနှင့် ပြည်သူအပေါ် ပြုကျင့်ရမည့် ကျင့်ဝတ် (၁၀) ပါးနှင့်အညီ ပြုမူဆက်ဆံရန် အလေးထား မှာကြားလိုကြောင်း၊ ခေါင်းဆောင်များအနေဖြင့် မိမိကိုယ်ကို ယုံကြည်မှုရှိအောင် လုပ်ရန်၊ စွမ်းရည်ရှိအောင်လုပ်ရန်၊ လက်အောက်မှ မိမိအပေါ် ယုံကြည်မှုရှိအောင် လုပ်ဆောင်ရန်နှင့် မိမိတပ်မတော်အပေါ် ယုံကြည်မှုရှိအောင် လုပ်ဆောင်ရန်လိုကြောင်း၊ တပ်မှူးများအနေဖြင့် မိမိတို့၏ခေါင်းဆောင်မှုအောက်တွင် လက်အောက်မှ အားလုံးကို လိုက်ပါဆောင်ရွက်လာစေရေးအတွက် အုပ်ချုပ်မှု ညီညွတ်မျှတအောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ Commander သည် အမှန်းခံရမည်၊ ပြောစရာရှိက ပြောရမည်၊ အရေးယူစရာရှိက ယူရမည်၊ ချီးမြှင့်စရာရှိက ချီးမြှင့်ရမည်၊ အသိအမှတ်ပြုစရာရှိက အသိအမှတ်ပြုရမည် ဖြစ်ပြီး ထိုသို့ လုပ်ဆောင်နိုင်ရန်အတွက် လက်အောက်၏ အခြေအနေအမှန်ကို သိရှိရန်လိုကြောင်း။

စစ်ရေးစွမ်းရည် ထက်မြက်ရေးအတွက် လေ့ကျင့်ရေးကို အလေးထား ဆောင်ရွက်ပေးရန်နှင့် Format ပုံစံ၊ Drill ပုံစံများပေါ်တွင် အခြေခံကာ ခေါင်းဆောင်လုပ်သူ၏ ဉာဏ်ဖြင့် တိုက်ပွဲပုံစံကို ဖော်သွားရန်လိုသလို လက်အောက်သို့ အမြဲတမ်း သင်ကြားပေးနေရန် လိုကြောင်း၊ အခြေခံလေ့ကျင့်ရေး မှစကာ စစ်ရေးစစ်ရာနှင့် ပတ်သက်၍ သင်ကြားမှုတွင် Format၊ Drill၊ Concept စသည်တို့ကို အခြေခံရအောင် သင်ပေးလိုက်ခြင်းဖြစ်ကြောင်း၊ ကျင့်သားရအောင် လုပ်ပေးလိုက်သည့်အတွက် ယင်းတို့ကို အခြေခံ၍ စစ်မြေပြင်တွင် လက်တွေ့အခြေအနေနှင့် ကိုက်ညီသည့် လုပ်ဆောင်မှုများဖြင့် ဒွန်တွဲလုပ်ဆောင်သွားရမည် ဖြစ်ကြောင်း၊ စစ်ရေးစွမ်းရည်ဆိုသည်မှာ တိုက်စွမ်းရည်ရှိသည့် တပ်မတော်၊ တိုက်စွမ်းအားရှိသည့် တပ်မတော်ပင်ဖြစ်ပြီး တိုက်စွမ်းရည်ရှိရန် တပ်မှူးများက မိမိ၏တပ်ကို လေ့ကျင့်ပေးနေရန် လိုကြောင်း၊ စစ်ရေးစွမ်းရည် ထက်မြက်ရန်အတွက် လူတစ်ဦးချင်းစွမ်းရည်များ ထက်မြက်ရန်၊ လက်နက်စွမ်းရည်များ ရှိရန်နှင့် လေ့ကျင့်သားပြည့်ဝရမည့်အပြင် စစ်နည်းဗျူဟာများ ကိုလည်း မှန်မှန်ကန်ကန် ကျင့်သုံးတတ်ရန်လိုကြောင်း၊ စွမ်းရည်ရှိသည့် တပ်မတော်တွင် စစ်ရေးစွမ်းရည် ပြည့်ဝသည့် တပ်မတော်သားကောင်းတစ်ယောက် ဖြစ်စေရန် အလေ့အကျင့်ကောင်းများ ရှိရမည့်အပြင် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှုရှိရန် လိုအပ်ကြောင်း။

မိမိတွင်ရှိသည့် လူ၊ ပစ္စည်း၊ မိမိသင်ကြားရသည့် စစ်ပညာ၊ လက်ဝယ်တွင်ရှိသည့် နည်းပညာများကို ကောင်းစွာအသုံးချပြီး စွမ်းရည်ထက်မြက်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ ရှိသည့် စစ်လက်နက် ပစ္စည်းများကို ထိရောက်စွာ အသုံးချနိုင်ရမည် ဖြစ်ကြောင်း၊ စစ်ရေးစွမ်းရည်တွင် လေ့ကျင့်ရေးသည် အဓိကကျသည်ကို တွေ့ရပြီး စစ်ရေးစွမ်းရည် ထက်မြက်၍ တိုက်ပွဲတိုင်း အောင်မြင်ရေးအတွက် လေ့ကျင့်ရေးကို ဖိဖိစီးစီးလုပ်ရန်လိုကြောင်း၊ အလားတူ "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ဆိုသည့် လေ့ကျင့်ရေး လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ စစ်ပညာနှင့်ပတ်သက်ပြီး တာဝန်ရှိသူများအနေဖြင့် အမြဲမပြတ် လေ့လာရန်လိုအပ်ပြီး ခေတ်မီတိုးတက်လာသည့် စစ်လက်နက်များ၊ ပြောင်းလဲလာသည့် စစ်နည်းဗျူဟာများကို လေ့လာဆည်းပူးသွားကြရန် လိုအပ်ကြောင်း။

**မှန်ကန်သောအဆင့် သတ်မှတ်ပေးနိုင်ရန်လို**

သင်တန်းသားများ အနေဖြင့် အဆင့်နှင့်လျော်ညီအောင် နေထိုင်၍ ရိုးသားစွာ ကြိုးစားမှုဖြင့် ယှဉ်ပြိုင်သွားရန် မှာကြားလိုကြောင်း၊ သင်တန်းသားတိုင်း နံပါတ်တစ် ဖြစ်မလာနိုင်သော်လည်း နံပါတ်တစ်ဖြစ်ခွင့် အားလုံးတွင် ရှိကြောင်း၊ ထို့ကြောင့် ထူးချွန်၊ သာမန်အထက်၊ သာမန်အမြင့်၊ သာမန် သတ်မှတ်ထားသဖြင့် မိမိတို့၏ကြိုးစားအားထုတ်မှုအလိုက် သတ်မှတ်အဆင့်ကို ရရှိမည်ဖြစ်ပြီး နည်းပြများအနေဖြင့်လည်း တော်တည့်မှန်ကန်၍ ညီညွတ်မျှတစွာ အုပ်ချုပ် သင်ကြားပေးရန် လိုကြောင်း၊ အရည်အချင်းသတ်မှတ်ချက်နှင့် ပတ်သက်၍ ပင်ကို အရည်အချင်းနှင့် စိတ်ဓာတ်ကို မြင်အောင်ကြည့်၍ အကဲဖြတ်ကာ မှန်ကန်သော အဆင့် သတ်မှတ်ပေးနိုင်ရန် လိုကြောင်းဖြင့် မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ရှေ့တန်းစစ်မျက်နှာတွင် စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့မှုကြောင့် စစ်ဆင်ရေးထူးချွန်မှုဖြင့် တစ်ဆင့်မြင့်ရာထူးဖြင့် ဂုဏ်ပြုခံရပြီး သင်တန်း တက်ရောက်ခွင့်ရရှိခဲ့သည့် သင်တန်းသားအရာရှိကြီးနှစ်ဦးအား ချီးကျူးဂုဏ်ပြုစကားပြောကြားကာ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းသားစားရိပ်သာ၌ သင်တန်းနည်းပြ အရာရှိကြီးများ၊ သင်တန်းသား အရာရှိကြီးများနှင့်အတူ နေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ရှမ်းပြည်နယ်(တောင်ပိုင်း) အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(အေးသာယာ)သို့ သွားရောက်၍ အိမ်ရာတည်ဆောက်နေမှုအခြေအနေများ ကြည့်ရှုစစ်ဆေး အေးသာယာ၊ ဟဲဟိုး၊ ကလောတပ်နယ်ရှိ နယ်မြေခံတပ်ရင်းများ လိုက်လံကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၀**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီး ထွန်းဝင်းနှင့်ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာန ချုပ် တိုင်းမှူးနှင့်တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) အေးသာယာမြို့ရှိ အဆင့်မြင့် စစ်မှုထမ်းဟောင်း အိမ်ရာ (အေးသာယာ) သို့သွားရောက်၍ အိမ်ရာ တည်ဆောက်ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး ဒေါ်နီလာ ဟဲဟိုးတပ်နယ်မှ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားစဉ်။

ဦးစွာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် အဆင့်မြင့် စစ်မှုထမ်းဟောင်း အိမ်ရာ(အေးသာယာ)သို့ရောက်ရှိကြရာ ရှင်းလင်းဆောင်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ထောက်ချုပ်ရုံးမှ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်မျိုးတင်က အိမ်ရာတည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်တည်ဆောက်လျက်ရှိမှု၊ စစ်မှုထမ်းဟောင်းများအား နေရာချထားပေးမှုနှင့် ဆက်လက် နေရာချထားပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှု၊ ရေနှင့် လျှပ်စစ်မီးပိုင်းဆိုင်ရာ လိုအပ်ချက်များနှင့် လုံလောက်မှုရှိစေရေး ဆောင်ရွက်ထားရှိမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် တပ်မတော် ကာကွယ်ရေးဦးစီး ချုပ်က စစ်မှုထမ်းဟောင်းများသည် အရေးကြီးသည့် တပ်မတော်၏ အင်အားတစ်ရပ်ဖြစ်သည့်အတွက် စစ်မှုထမ်းဟောင်းများ၏ အရေးကိစ္စများကို ဂရုတစိုက် ဆောင်ရွက်ပေးရန် လိုအပ်သည့် အခြေအနေများ၊ အိမ်ရာနေ စစ်မှုထမ်းဟောင်းမိသားစုများ နေထိုင်၊ စားသောက်၊ သွားလာမှု အဆင်ပြေစေရေး လိုအပ်သည်များ စီမံဆောင်ရွက်ပေးမည့် အခြေအနေများ၊ အိမ်ရာဝင်းအတွင်း သန့်ရှင်းသာယာလှပရေး၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရန် စနစ်တကျ စီမံဆောင်ရွက်သွားရန် လိုအပ်သည့်အခြေအနေများကို လမ်းညွှန်မှာကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်မှုထမ်းဟောင်း အိမ်ရာအတွင်းရှိ သက်သာချောင်ချိရေး အရောင်းဆိုင်အား ကြည့်ရှုစစ်ဆေးပြီး စစ်မှုထမ်းဟောင်း မိသားစုဝင်များအား စက်ချုပ်နည်းပညာသင်တန်း သင်ကြားပို့ချနေမှုများကို ကြည့်ရှုအားပေးသည်။ ထို့နောက် အိမ်ရာဝင်းအတွင်းရှိ တည်ဆောက်ပြီးစီးသည့် နေအိမ်တိုက်ခန်းများနှင့် တည်ဆောက်ဆဲ တိုက်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး အိမ်ရာတွင် နေထိုင်လျက်ရှိသည့် စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် အေးသာယာ၊ ဟဲဟိုး၊ ကလောတပ်နယ်များရှိ နယ်မြေခံ တပ်ရင်းများအား မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးပြီး မိသားစုဝင်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် Digitalization of Industrial Russia 2026 ဖိုရမ် Plenary International Session တက်ရောက်ဆွေးနွေး

**နေပြည်တော် မေ ၂၀**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ Nizhny Novgorod မြို့၌ ရောက်ရှိနေသော သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ယမန်နေ့ညနေပိုင်းတွင် Digitalization of Industrial Russia 2026 ဖိုရမ်၏ Plenary International Session ၌ “Digital Industry Map: Roles and Responsibilities on a Global Scale” ခေါင်းစဉ်ဖြင့် ပါဝင်ဆွေးနွေးသည်။

အဆိုပါဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဇင်ဘာဘွေနိုင်ငံ ဒုတိယသမ္မတ Mr. Constantino Chiwenga၊ ဆားဘီးယားနိုင်ငံ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ Chief of Staff, Mr. Lazar Pavlovic၊ အိန္ဒိယနိုင်ငံ အီလက်ထရောနစ်နှင့် သတင်းအချက်နည်းပညာဝန်ကြီးဌာန၏အတွင်းရေးမှူး Mr. Krishnan Saranyan တို့ ပါဝင်ဆွေးနွေးခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေး၊ ဆက်သွယ်ရေးနှင့် လူထုမီဒီယာဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Alexander Shoitov ဦးဆောင်သောအဖွဲ့အား တွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံကြား ဉာဏ်ရည်တုနည်းပညာ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာနည်းပညာရပ်များတွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များ လက်မှတ်ရေးထိုးနိုင်ရန် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ အပြန်အလှန်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးနှင့်အတူ ရုရှားနိုင်ငံ၏ သတင်းအချက်အလက်ဆိုင်ရာ လုံခြုံရေး Security Code ကုမ္ပဏီနှင့် ဇီဝအချက်အလက်အခြေခံအသုံးချပရိုဂရမ်များ ထုတ်လုပ်သည့် Biometric Technology Centerမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



မွန်းလွဲပိုင်းတွင် Nizhny Novgorod ၏ Governor Mr. Gleb Sergeevich Nikitin နှင့်တွေ့ဆုံပြီး Nizhny Novgorod မြို့ကို ရုရှားနိုင်ငံ၏ Quantum Valley ဖြစ်လာစေရေးအတွက် စီမံဆောင်ရွက်နေမှု၊ လုပ်ငန်းခွင်အဆင်သင့်ဖြစ်သည့် သတင်းအချက်အလက်နည်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် ကမ္ဘာ့အဆင့်မီ NEIMARK တက္ကသိုလ်တည်ထောင်လျက်ရှိမှုတို့ကို တွေ့မြင်ရကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်နှင့်အညီ ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်းကို ဆောင်ရွက်လျက်ရှိပြီး အဆိုပါစီမံကိန်းအနီးတွင် နည်းပညာတက္ကသိုလ် (ရတနာပုံဆိုက်ဘာစီးတီး)ကိုလည်း တည်ထောင်ထားရှိသည့်အတွက် Nizhny Novgorod ၏ အတွေ့အကြုံများကို မျှဝေပေးစေလိုကြောင်းနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်လိုကြောင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကြံခင်းမြို့နယ်၌ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံသင်တန်းဖွင့်လှစ်

**ကြံခင်း မေ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်မီးသတ်ဦးစီးရုံး၌ မေ ၁၈ ရက် နံနက်ပိုင်းက သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံသင်တန်း (၁/၂၀၂၆) ကို ဖွင့်လှစ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌဦးကျော်မင်းထက်က အမှာစကားပြောကြားပြီး မီးသတ်ဦးစီးမှူး ဦးကိုကိုနိုင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

**သင်ကြားပို့ချသွားမည်**

အဆိုပါသင်တန်းတွင် မီးငြိမ်းသတ်ရေးလုပ်ငန်းစဉ်များ၊ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များကို သင်တန်းသား ၃၀ ဖြင့် စာတွေ့/လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ရေဦးသာ



ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်တွင် အခြေခံပညာကျောင်းများ၏ ကျောင်းအပ်နှံရေး ရက်သတ္တပတ်အတွင်း ရာနှုန်းပြည့် ကျောင်းအပ်နှံရေးအတွက် ကျောင်းအပ်နှံရေးနှိုးဆော်ချက် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို မေ ၂၀ ရက်က ဆောင်ရွက်စဉ်။

မောင်ရွှေဝင်း(ပြည်)

# ကျောင်းပြင်ပရောက်ကလေးများ (မူလတန်းဆင့်နှင့် အလယ်တန်းဆင့်)ကျောင်းသို့ ပြန်လည်ရောက်ရှိရေး Placement Test (အထူးအစီအစဉ်) ဆောင်ရွက်ပေးမည်

အခြေခံပညာဦးစီးဌာန



**“ပညာသင်ယူခွင့်ရရှိရေး”**သည် နိုင်ငံသားတိုင်း၏ မွေးရာပါအခွင့်အရေးတစ်ရပ်ဖြစ်ပါသည်။ အတန်းပညာရှိမှ အသိပညာ၊ အတတ်ပညာ ပြည့်စုံကြွယ်ဝပြီး အတွေးအခေါ်မြင့်မားမည်ဖြစ်ရာ **“ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းသို့ရောက်ရှိရေး”** သည် ပညာသင်ယူမှု၏ ပထမခြေလှမ်းဖြစ်သည်။ ထိုမှတစ်ဆင့် စဉ်ဆက်မပြတ်လေ့လာသင်ယူပြီး သင်ယူမှုပန်းတိုင်သို့ အရောက်လှမ်းနိုင်မည်ဖြစ်သည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို မလိုလားသူများကြောင့်ကလေးများ၏ ပညာသင်ယူမှုတွင် အဟန့်အတားများ ဖြစ်ခဲ့ရသည့်အတွက် ကျောင်းမှထွက်ခွာ၍ ပြင်ပသို့ရောက်ရှိနေသော ကျောင်းနေအရွယ် ကလေးများ အရေအတွက်များစွာရှိနေပြီး ပညာရေးနှင့် အလှမ်းဝေးနေကြသည်ကို စိတ်မချမ်းမြေ့ဖွယ် မြင်တွေ့နေရပါသည်။

ကလေးတိုင်းသည် မိသားစုဝင်များအတွက် သာမက နိုင်ငံတော်အတွက် အားထားရသည့် အဖိုးထိုက်ရတနာများဖြစ်ပါသည်။ ကျောင်းများတွင် ရောက်ရှိ ပညာသင်ယူနေရမည့် ကလေးများက လွဲမှားသည့် အယူအဆများနှင့် ပတ်ဝန်းကျင်၏ ရိုက်ခတ်မှုများကြောင့် ပညာရေးဆုံးခန်းမတိုင်ခင် သင်ယူမှု ရပ်တန့်နေခဲ့ကြရပါသည်။ ကျောင်းနေအရွယ်တွင် ကျောင်းသို့မရောက်ခြင်း၊ ကျောင်းမနေခြင်းတို့သည် မိမိကိုယ်တိုင် မိမိဘဝကို ဖျက်ဆီးနေခြင်းဖြစ်သကဲ့သို့ မိသားစုနှင့် လူမှုအသိုင်းအဝိုင်းကိုပါ ထိခိုက်ပျက်စီးစေနိုင်ပြီး နိုင်ငံတော်အတွက်လည်း ဆုံးရှုံးနစ်နာမှုများစွာ ဖြစ်စေပါသည်။

**ပညာသည်သာ အခရာ လက်တွေ့သိမြင်လာ**

ပညာဆိုသည်မှာ အမှားအမှန်၊ အကြောင်းအကျိုး၊ အကောင်းအဆိုးကို ဝေဖန်ပိုင်းခြား သုံးသပ်နိုင်သော အသိဉာဏ်ဖြစ်ပါသည်။ ပညာမတတ်လျှင် မိမိကိုယ်ကို ထိန်းကျောင်းပဲ့ပြင်နိုင်စွမ်းမရှိဘဲ ပတ်ဝန်းကျင်၏လွှမ်းမိုးမှုအောက်သို့ အလွယ်တကူ ရောက်ရှိနိုင် ပါသည်။

နိုင်ငံကို ဖျက်ဆီးလိုသည့် လူတစ်စု၏ မသမာလုပ်ရပ်များကြောင့် ပညာရေးနှင့် အလှမ်းဝေးသည်ထက်ဝေးသွားရသည့် ကလေးများသည် ကျောင်းမတက်ရခြင်းနှင့် ပညာမတတ်ခြင်း၏ ဆိုးကျိုးကို လက်တွေ့ခံစားနေရပြီး ဘဝရည်မှန်းချက်များ ဝေဝါးပျောက်ဆုံးနေကြရပြီဖြစ်ပါသည်။ သက်တူရွယ်တူများအကြား ပညာအဆင့်အတန်းကွာဟချက် များရှိလာပြီး တန်ဖိုးမဲ့လူသားများအဖြစ်သတ်မှတ်ခံရမည့်အခြေအနေသို့ ရောက်ရှိနေကြရသည်ကို ရင်နင့်ဖွယ် တွေ့မြင်နေရပါသည်။ မိမိတို့ဘဝအတွက် ပညာသည် အခရာကျသည်ကို နားလည်သဘောပေါက်လာပြီး ကျောင်းများသို့ ပြန်လည်ဝင်ရောက်၍ ပညာဆက်လက်သင်ယူလိုသည့် စိတ်ဆန္ဒများ ပြင်းပြနေကြပါသည်။

**သင်ယူမှုအခွင့်အရေး ဖော်ဆောင်ပေး**

ပညာရေးဝန်ကြီးဌာနသည် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းသို့ရောက်ရှိရေး၊ ကျောင်းနေမြဲရေးနှင့် အနည်းဆုံး KG+9 ပြီးမြောက်စေရေးတို့အတွက် အစဉ်တစိုက် ကြိုးပမ်းလျက်ရှိပါသည်။ ကျောင်းသားများ ကျောင်းနေပျော်၍ စာပေတော်အောင် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ ကျောင်းသုံးဗလာစာအုပ်များ၊ မူလတန်းကျောင်းဝတ်စုံများ၊ ခဲတံ၊ ဘောပင်များ၊ သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများထောက်ပံ့ပေးပြီး အခမဲ့ ပညာရေးစနစ်ကို အကောင်အထည်ဖော် ကျင့်သုံးလျက်ရှိပါသည်။ ထို့ပြင် အရည်အသွေးပြည့်ဝစွာ တန်းစဉ်ကူးပြောင်းနိုင်ရေးအတွက် မူဝါဒ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်လျက်ရှိပါသည်။

ကျောင်းပြင်ပရောက်ကလေးများ ပညာဆက်လက်သင်ယူနိုင်ရေးအတွက်လည်း ကျောင်းပြင်ပ မူလတန်းနှင့် အလယ်တန်းပညာရေး တန်းညှိ အစီအစဉ်များဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။

**“ပညာသင်ယူခြင်းသည် ရပ်တန့်၍မရသော အရာ”** ဖြစ်ပါသည်။ ကလေးများအားလုံး အကျုံးဝင်ပြီး တန်းတူပညာသင်ယူခွင့်ရရှိရေးအတွက် နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်နေသည့်နည်းတူ မိသားစုကလည်း ပံ့ပိုးပေးရပါမည်၊ ပတ်ဝန်းကျင်ကလည်း တွန်းအားပေးရပါမည်၊ ပညာရေးရပ်ဝန်းအတွင်းမှ တာဝန်ရှိသူများကလည်း လက်တွဲခေါ်ပေးရပါမည်။

အခြေအနေအမျိုးမျိုးကြောင့် အချို့သော ကျောင်းနေအရွယ်ကလေးများသည် ကျောင်းပရဝဏ်နှင့် ငါးနှစ်တာ ဝေးကွာခဲ့ရပြီးဖြစ်၍ ၎င်းတို့တက်ရောက်အောင်မြင်ခဲ့သော အတန်းအရ ကျောင်းသို့ ပြန်လည်ဝင်ရောက်မည်ဆိုပါက လက်ရှိကျောင်းသားများနှင့် အသက်အရွယ် ကွာဟမှုများ၊ စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာ မတူညီမှုများကြောင့် ရှက်ရွံ့သိမ်ငယ်မှုများခံစားရပြီး နေ့စဉ်ကျောင်းတက်ရောက်မှုတွင် အခက်အခဲများ ရှိလာနိုင်ပါသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းပြင်ပရောက် ကလေးများ၏ အခြေအနေအရပ်ရပ်ကို ထောက်ရှု၍ အခြေခံပညာရေးတွင် လူတိုင်းအကျုံးဝင်မှုရှိအောင် အထူးအခွင့်အရေးတစ်ရပ် ဖော်ဆောင်ပေးသွားမည်ဖြစ်ပါသည်။

**လူတိုင်းအကျုံးဝင် Placement Test (အထူးအစီအစဉ်)**

နိုင်ငံတော်အစိုးရအနေဖြင့် ဒီမိုကရေစီစံနှုန်းများနှင့်အညီ ပြည်သူ့အသံကို အလေးထားပြီး ပြည်သူများ၏ လိုအပ်ချက်ကို အစဉ်ဖြည့်ဆည်းပေးလျက်ရှိပါသည်။ နိုင်ငံသားတစ်ဦး ရရှိရမည့် ပညာသင်ယူမှုအခွင့်အရေးကို အလေးထားသောအားဖြင့်လည်းကောင်း၊ ပြည်သူ့အကျိုးကို ရှေးရှု၍လည်းကောင်း ကျောင်းပြင်ပရောက်ကလေးများ ကျောင်းသို့ ပြန်လည်ရောက်ရှိရေးအတွက် သတ်မှတ်ထားသောမူဝါဒများကို လျှော့ချ၍ Placement Test (အထူးအစီအစဉ်) ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

ယခုဆောင်ရွက်မည့် အစီအစဉ်သည် အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ အကြောင်းအမျိုးမျိုးကြောင့် ၂၀၂၀-၂၀၂၂ ပညာသင်နှစ်မှစ၍ ကျောင်းပြင်ပသို့ ရောက်ရှိခဲ့သည့် ကျောင်းသားများကို ပညာအရည်အချင်းအရသော်လည်းကောင်း၊ အသက်အရွယ်အရသော်လည်းကောင်း သင့်လျော်ကိုက်ညီသည့် အတန်းတွင် တက်ရောက်သင်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ပေးသည့် အရည်အချင်းစစ်စာမေးပွဲဖြစ်ပါသည်။

ဤအစီအစဉ်ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အောက်ပါအစီအစဉ်အတိုင်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားပါမည်-

| | |
|---|---|
| **စစ်ဆေးမည့်အတန်းများ** | အခြေခံပညာမူလတန်းဆင့် [Grade 1,2,3,4,5] နှင့် အခြေခံပညာအလယ်တန်းဆင့် [Grade 6,7,8] |
| **စစ်ဆေးမည့်ရက်** | ၁၅-၆-၂၀၂၆ ရက်နေ့မှ ၂၀-၆-၂၀၂၆ ရက်နေ့ထိ |
| **စစ်ဆေးမည့်နေရာ** | သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံးက သတ်မှတ်သည့် စာစစ်ဌာနများ (အခြေခံပညာကျောင်းများ) |

Placement Test (အထူးအစီအစဉ်) ကို အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် တက်ရောက်ခဲ့ဖူးပြီး အသက် ၁၅ နှစ်ထက်မကျော်လွန်သည့် ကလေးများအားလုံး အကျုံးဝင်မည်ဖြစ်ပါသည်။

ဤစာမေးပွဲကို ဝင်ရောက်ဖြေဆိုမည့် ကျောင်းပြင်ပရောက်ကလေးများသည် အသက်အရွယ်အရ တက်ရောက်ရမည့် အတန်း၏ တစ်ဆင့်နိမ့်အတန်းကို ဝင်ရောက်ဖြေဆိုရမည်ဖြစ်ပါသည်။ (မိမိသဘောဆန္ဒအရ အတန်းအဆင့်နိမ့်၍ တက်ရောက်လိုပါကလည်း ထိုအတန်း၏ တစ်ဆင့်နိမ့်အတန်းကို ဝင်ရောက်ဖြေဆိုနိုင်ပါသည်)

အသက်အရွယ်အရ ဝင်ရောက်ဖြေဆိုရမည့် အတန်းနှင့် တက်ရောက်ရမည့်အတန်း သတ်မှတ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| အသက် | ဝင်ရောက်ဖြေဆိုရမည့်အတန်း | အောင်မြင်ပါက တက်ရောက်ရမည့်အတန်း | ကျရှုံးပါက တက်ရောက်ရမည့်အတန်း |
|---|---|---|---|
| ၇ နှစ် | Grade 1 | Grade 2 | Grade 1 |
| ၈ နှစ် | Grade 2 | Grade 3 | Grade 2 |
| ၉ နှစ် | Grade 3 | Grade 4 | Grade 3 |
| ၁၀ နှစ် | Grade 4 | Grade 5 | Grade 4 |
| ၁၁ နှစ် | Grade 5 | Grade 6 | Grade 5 |
| ၁၂ နှစ် | Grade 6 | Grade 7 | Grade 6 |
| ၁၃ နှစ် | Grade 7 | Grade 8 | Grade 7 |
| ၁၄ နှစ်နှင့် ၁၅ နှစ် | Grade 8 | Grade 9 | Grade 8 |

Placement Test (အထူးအစီအစဉ်) ဝင်ရောက်ဖြေဆိုပြီး အတန်းတက်ရောက်ခွင့် ရရှိသူများစာရင်းကို ၁-၇-၂၀၂၆ ရက်နေ့တွင် တစ်နိုင်ငံလုံး တစ်ပြိုင်တည်း ထုတ်ပြန်ကြေညာသွားပါမည်။ အတန်းတက်ရောက်ခွင့် ရရှိသူများက ၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှစ၍ ပညာရေးဝန်ကြီးဌာနက ဖွင့်လှစ်သည့် အခြေခံပညာကျောင်းများတွင်သာ တက်ရောက်ခွင့်ရရှိမည်ဖြစ်ပါသည်။

**ဘဝရည်မှန်းချက်တွေအောင်မြင်ဖို့ အထူးအစီအစဉ်တွင် ပါဝင်ကြပါစို့**

ပညာရေးဝန်ကြီးဌာနက အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံသော ပညာတတ်များ ပေါ်များရေး၊ ပညာရေးတွင် မည်သည့်ခွဲခြားမှုမျှမရှိစေရေး၊ မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရစ်စေရေး၊ ကျောင်းထွက်သူ ပပျောက်ရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် နိုင်ငံ့အကျိုးပြုအသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးရာ **“အခြေခံ ပင်မရင်းမြစ်”** ဖြစ်သည့် အခြေခံပညာကျောင်းများ အရည်အသွေးတိုးတက်မြင့်မားလာစေရေး အဘက်ဘက်က ဖြည့်ဆည်းပံ့ပိုးပေးလျက်ရှိပါသည်။

မိဘပြည်သူများအနေဖြင့် မိမိတို့၏ သားသမီးများကို အရည်အသွေးရှိပြီး စနစ်ကျသည့် ကျောင်းသင်ပညာရေးမှတစ်ဆင့် ဘဝရှင်သန်ရပ်တည်ရေးအတွက်လိုအပ်သည့် အခြေခံကျွမ်းကျင်မှုများရရှိအောင်၊ ကိုးစားခိုင်လုံသည့် ပညာအရည်အချင်းသတ်မှတ်ချက်များဖြင့် လုပ်ငန်းခွင်ဝင်ရောက်နိုင်ရေး အဆင်သင့်ဖြစ်အောင် ပြုစုပျိုးထောင်ပေးရန် တာဝန်ရှိပါသည်။ ကလေးများကိုယ်တိုင်ကလည်း **“ကျောင်းနေအရွယ်တွင် ကျောင်းတက်ရမည်”** ဟူသော ပင်ကိုအသိ မဖြစ်မနေရှိရပါမည်။

နိုင်ငံသားတိုင်းတွင် နိုင်ငံတော်အတွက် ထမ်းဆောင်ရမည့် တာဝန်ကိုယ်စီရှိပါသည်။ ကျောင်းသားတစ်ဦးအနေဖြင့် ကျောင်းနေအရွယ်တွင် ကျောင်းမှန်မှန်တက်ပြီး တန်းစဉ်ကူးပြောင်း၍ ပညာသင်ယူခြင်းသည် နိုင်ငံ့တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်နိုင်ခြင်းပင်ဖြစ်ပါသည်။

ကျောင်းနေအရွယ်တွင် ပုံစံတကျ ပညာသင်ယူခွင့်ရရှိမှသာ အလေ့အကျင့်ကောင်းများကို ခိုင်မာစွာအုတ်မြစ်ချနိုင်ပြီး ဘဝတစ်လျှောက်လုံး သင်ယူပြီးရင်း သင်ယူလိုစိတ်များ ရှင်သန်ကိန်းအောင်းလာမည်ဖြစ်ပါသည်။ **“အခြေခံပညာ”** ကို ကောင်းစွာသင်ယူတတ်မြောက်မှသာ ကိုယ်ရည်ကိုယ်သွေး၊ ပင်ကိုစိတ်ဓာတ်နှင့် ခံယူချက်များ တည့်မတ်မှန်ကန်လာမည်ဖြစ်ပါသည်။ ပညာကသာ လူတစ်ဦး၏ အဆင့်အတန်းနှင့် ဂုဏ်သိက္ခာကို တိုးတက်မြင့်မားစေပါသည်။ **စာမျက်နှာ ၈ သို့** ❂

# ဦးအောင်ဇေယျစေတီတော်မြတ်ကြီးအား ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနား ကျင်းပ



ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးထွန်းအောင် ဦးအောင်ဇေယျစေတီတော် မြတ်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။

**နေပြည်တော် မေ ၂၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိခရိုင် တပ်ကုန်းမြို့ အရှေ့ဘက် အောင်မြေရိပ်သာ အုပ်စု အောင်မြေရိပ်သာကျေးရွာ အနီး အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ တည်ထား ကိုးကွယ်တော်မူခဲ့သော ဦးအောင်ဇေယျစေတီတော်မြတ်ကြီးသည် ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့က လှုပ်ခတ်ခဲ့သည့် မန္တလေးမြေငလျင်ကြီးဘေးကြောင့် ပြိုကျပျက်စီးခဲ့ရာ ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးမင်းအောင်လှိုင်နှင့်ဇနီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ကြူကြူလှတို့၏ လမ်းညွှန်ချက်အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် သရေစည်သူ ရဲဝင်းဦးနှင့်ဇနီး သီဟသုဓမ္မသိင်္ဂီ ဒေါ်နီလာတို့ ဦးဆောင်သော တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုဝင်များ၊ စေတနာရှင် ဒေသခံအလှူရှင်များ စုပေါင်းပါဝင်လှူဒါန်းမှုဖြင့် ရေးမူမပျက် အောင်မြင်စွာ တည်ဆောက်ပူဇော်နိုင်ခဲ့ပြီး ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ မြို့ရှေ့စန္ဒာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစန္ဒသီရိ အမှူးပြုသော ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနား တက်ရောက်လာကြသူများက နေမျိုးနွယ်ကျောင်းတိုက် ဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူ ဆောက်တည်ကြပြီး သံဃာတော် အရှင်သူမြတ်တို့ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။ ယင်းနောက် ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ တပ်မတော်အရာရှိကြီးများနှင့် တက်ရောက်လာကြသူများက ဦးအောင်ဇေယျစေတီတော်ပုံတော်၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများအား သံဃာတော် အရှင်သူမြတ်များထံ ဆက်ကပ်လှူဒါန်းကြပြီး ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံကျောင်းတိုက် ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်များကိုပင့်ဆောင်၍ စေတီတော်ကြီးအား လက်ယာရစ် လှည့်လည်ပင့်ဆောင်ပူဇော်ပြီး မင်္ဂလာအချိန်တွင် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်ကို မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်၍ အမွှေးနံ့သာရည်များ ပက်ဖျန်းကြကာ ရွှေထီးတော်တင်လှူပူဇော်ပြီး အောင်မြင်ခြင်းအထိမ်းအမှတ် ရတနာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးကြသည်။

ထို့နောက် သံဃာတော်အရှင်သူမြတ်များက ဦးအောင်ဇေယျစေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြပြီး အခမ်းအနားအပြီးတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကာ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

---

## ပညာရေးဝန်ကြီးဌာန<br>“၂၀၂၆-၂၀၂၇ ပညာသင်နှစ်”<br>မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်

- ❖ မြို့နယ်အလိုက် သတ်မှတ်နယ်မြေများတွင်သာ ကျောင်းအပ်နှံကြပါရန်။
- ❖ ငွေကြေး သို့မဟုတ် လက်ဆောင်ပစ္စည်းများကို ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအား ပေးအပ်ခြင်း မပြုပါရန်။
- ❖ ကျောင်းသား ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ် လုပ်ဆောင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
- ❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန်။
- ❖ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ E-စီးကရက်(Vape)၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား ကျောင်းသူများ နာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာ ကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ပေးရန်နှင့် ဆေးကုသမှုခံယူနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ချမှတ်ထားသောစည်းမျဉ်းစည်းကမ်းများအား လိုက်နာဆောင်ရွက်ရန်နှင့်ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား သတ်မှတ်ကြိမ်ရေ ပြည့်မီအောင် ထိုးနှံကြပါရန်အတွက် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ မိဘများအနေဖြင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အကြံပြုကြပါရန်။
- ❖ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အသိပေးတိုင်ကြားလိုပါက ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၃၊ နေပြည်တော်သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။

---

❂ စာမျက်နှာ ၇ မှ

ကျောင်းပြင်ပရောက်ကလေးတိုင်းသည် ပညာသင်ယူမှု ရပ်တန့်သွားသည်ဟု မဆိုနိုင်ပါ။ ကျောင်းမတက်သော်လည်း ကျောင်းသင်ရိုးပါသင်ခန်းစာများကို မိမိတို့အစီအစဉ်ဖြင့် ကိုယ်တိုင်သင်ယူနေကြသူများလည်း ရှိနိုင်ပါသည်။ ထိုသို့လေ့လာသင်ယူခြင်းက စာပေများကို တတ်မြောက်နိုင်သော်လည်း ပညာအရည်အချင်းသတ်မှတ်ချက်ကို အာမခံနိုင်သည့် တရားဝင်အထောက်အထားရရှိမည်မဟုတ်ပါ။ စာတတ်ပြီး အတန်းပညာမရှိခြင်းသည် လူမှုအသိုင်းအဝိုင်းတွင် ဝင်ဆံ့နိုင်ရန်ခက်ခဲပါလိမ့်မည်။ မည်သည့်လုပ်ငန်းခွင်တွင်မဆို အနည်းဆုံး အောင်မြင်ရမည့် အတန်းပညာ၊ ဘွဲ့ဒီဂရီစသော ပညာအရည်အချင်းများနှင့်ပြည့်စုံမှသာ ရွေးချယ်ကြပါသည်။

> ❝ **နိုင်ငံတော်အစိုးရက ကျောင်းသားလူငယ်တစ်ရပ်လုံး၏ ပညာရည်တိုးတက်ရေးကို လိုလားသည့်စေတနာအမှန်ဖြင့်** Placement Test **(အထူးအစီအစဉ်) ဆောင်ရွက်ပေးခြင်းဖြစ်သည့်အတွက် မိဘပြည်သူအားလုံးက ကျောင်းပြင်ပရောက်ကလေးတိုင်း ဝင်ရောက်ဖြေဆိုနိုင်ရေး တတ်အားသရွေ့ ပူးပေါင်းပါဝင်ပေးကြရမည်ဖြစ်ပါသည်။ ကျောင်းပြင်ပရောက်ကလေးများကလည်း မိမိတို့အတွက် ဆောင်ရွက်ပေးသည့် အထူးအခွင့်အရေးကို လက်မလွှတ်ဘဲ အမိအရဆုပ်ကိုင်ကြရပါမည်** ❞

ထို့ကြောင့် နိုင်ငံတော်အစိုးရက ကျောင်းသားလူငယ်တစ်ရပ်လုံး၏ ပညာရည်တိုးတက်ရေးကို လိုလားသည့် စေတနာအမှန်ဖြင့် Placement Test (အထူးအစီအစဉ်) ဆောင်ရွက်ပေးခြင်းဖြစ်သည့်အတွက် မိဘပြည်သူအားလုံးက ကျောင်းပြင်ပရောက်ကလေးတိုင်း ဝင်ရောက်ဖြေဆိုနိုင်ရေး တတ်အားသရွေ့ ပူးပေါင်းပါဝင်ပေးကြရမည်ဖြစ်ပါသည်။ ကျောင်းပြင်ပရောက်ကလေးများကလည်း မိမိတို့အတွက် ဆောင်ရွက်ပေးသည့် အထူးအခွင့်အရေးကို လက်မလွှတ်ဘဲ အမိအရ ဆုပ်ကိုင်ကြရပါမည်။ ယခုအချိန်သည် ကျောင်းတက်ရောက်ရန် အချိန်မနှောင်းသေးသည့် အချိန်ကောင်း အခါကောင်းပင်ဖြစ်ပါသည်။

**စဉ်ဆက်မပြတ်ပညာသင်ယူမှုအခွင့်အလမ်းများ မဆုံးရှုံးစေရေး**

ယခုဆောင်ရွက်ပေးသည့် အစီအစဉ်သည် အရွယ်မတိုင်ခင် ကျောင်းနှင့် ကင်းကွာခဲ့ရသော်လည်း ပညာကို တန်ဖိုးထားသူတိုင်းအတွက် ရည်ရွယ်ခြင်းဖြစ်ပါသည်။ မိမိတို့သည် ကျောင်းမတက်ဘဲ ပညာရေးနှင့် အဆက်ပြတ်ရသည့် အကျိုးဆက်ကို ကိုယ်တိုင်ရင်ဆိုင်ကြုံတွေ့ခဲ့ရသူများဖြစ်ရာ အမှားတစ်ခုကို တစ်ဘဝစာသင်ခန်းစာယူ၍ အခြေခံပညာရေး ပြီးဆုံးသည်အထိ စဉ်ဆက်မပြတ် ပညာသင်ယူမည်ဟု သန္နိဋ္ဌာန်ချပြီး လေးလေးနက်နက် ကြိုးစားအားထုတ်ကြရပါမည်။

ကျောင်းသားများ စဉ်ဆက်မပြတ် ပညာသင်ယူနိုင်ရေးအတွက် အဓိကသော့ချက်သည် အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်ရေးပင်ဖြစ်ပါသည်။ သို့ဖြစ်၍ ကျောင်းများ ဖွင့်လှစ်နိုင်ခြင်းမရှိသောဒေသမှ မိဘပြည်သူများအနေဖြင့် ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေး အလေးထား၍ ပူးပေါင်းပါဝင်ကြစေလိုပါကြောင်းနှင့် ကျောင်းပြင်ပရောက် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းသို့ပြန်လည်ရောက်ရှိရေးအတွက် ယခုဆောင်ရွက်မည့် Placement Test (အထူးအစီအစဉ်)ကို လက်ဆင့်ကမ်း၍ သတင်းစကားပါးကြစေလိုပါကြောင်း တိုက်တွန်းရေးသားလိုက်ပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေး

**ပုသိမ် မေ ၂၀**

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်သည် ဧရာဝတီတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး မန်းသိန်းကျော်၊ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုးညွန့်တို့နှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ပုသိမ်မြို့ရှိ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးအစည်းအဝေးခန်းမ၌ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး ကရင်၊ ချင်းနှင့် ရခိုင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များက ဒေသဖွံ့ဖြိုးရေး၊ တိုင်းရင်းသားဘာသာစာပေသင်ကြားရေး၊ ယဉ်ကျေးမှုဆိုင်ရာနှင့် တိုင်းရင်းသားများ၏ နေ့ထူးနေ့မြတ်ပွဲတော် ကျင်းပရေးဆိုင်ရာများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များ ပိုမိုထိန်းသိမ်းမြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

**ချီးမြှင့်ငွေများ ပေးအပ်**

ယင်းနောက် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများနှင့်တွေ့ဆုံအမှာစကားပြောကြားပြီး ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မိတ္ထီလာမြို့နယ်အတွင်း Football For School Program ဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၂၀**

အားကစားရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် အားကစားကွင်း၌ ဘောလုံး၊ ကြက်တောင်နှင့် တင်းနစ် သင်တန်းသား သင်တန်းသူများကို အားကစားနည်းအလိုက် နည်းစနစ်ပိုင်းဆိုင်ရာ သင်ကြားလေ့ကျင့်ပေးနေမှု၊ Football For School Program ဆိုင်ရာလုပ်ငန်းများကို Pilot Project တစ်ခုအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အားကစားအဖွဲ့များအတွက် အင်အားဖြည့်အချိုရည်များ ထောက်ပံ့ပေးအပ်ပြီး လူငယ်အားကစားသမားများ မွေးထုတ်ပေးနိုင်ရေးနှင့် အခြေခံပညာကျောင်းများတွင် အားကစားသင်တန်းများ ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

**ပေးအပ်**

ယင်းနောက် မိတ္ထီလာခရိုင်အားကစားကွင်း၌ Synthetic ပြေးလမ်းခင်းကျင်းပြီးစီးမှု အခြေအနေ၊ ခရိုင်ဘောလုံးကွင်းနှင့် မိုးလုံလေလုံအားကစားရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနရုံး၌ အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံအမှာစကားပြောကြားကာ ပံ့ပိုးပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် (၁၈)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် မေ ၂၀**

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အသက် (၁၈) နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းက ကရင်ပြည်နယ် ဘားအံမြို့ရှိ ဇွဲကပင်အားကစားကွင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ အားကစား ဥယျာဉ်ကွင်းနှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ကိုးသိန်းအားကစားကွင်းတို့တွင် ဖုန်လေးဖုန် ခွဲ၍ ကျင်းပလျက်ရှိသည်။

ယနေ့ ဘောလုံးပြိုင်ပွဲ ပွဲစဉ်များအဖြစ် ဘားအံမြို့ ဇွဲကပင်အားကစားကွင်း၌ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ပဲခူးမြို့အားကစားဥယျာဉ်ကွင်း၌ ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းနှင့် ချင်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းက ချင်းပြည်နယ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ တောင်ကြီးမြို့ ပြည်နယ် အားကစားကွင်း၌ ကယားပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ မွန်ပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း ယှဉ်ပြိုင်ခဲ့ကြသည်။

**ဆက်လက်ယှဉ်ပြိုင်**

မေ ၂၁ ရက်တွင် ပြိုင်ပွဲတစ်ရက်နားမည်ဖြစ်ပြီး မေ ၂၂ ရက် မွန်းလွဲ ၃ နာရီခွဲတွင် ဘားအံမြို့ ဇွဲကပင်အားကစားကွင်း၌ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်း၊ ပဲခူးမြို့ အားကစားဥယျာဉ်ကွင်း၌ ချင်းပြည်နယ်အသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်း၊ တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ မွန်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်း၊ ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း၌ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင် ကစားသွားမည်ဖြစ်သည်။

အဆိုပါ ဖုန်လေးဖုန်တွင် အုပ်စုပတ်လည် ဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို မေ ၁၉ ရက်မှ ၂၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ရှုံးထွက်ပွဲစဉ်များ၊ ဗိုလ်လုပွဲ ပွဲစဉ်များကို ရန်ကုန်မြို့ရှိ (YTC စက်ဘီးလေ့ကျင့်ရေး၊ ပဒေသာ၊ သန်လျင်နှင့် ပဒုမ္မာ) အားကစားကွင်းတို့တွင် မေ ၂၉ ရက်မှ ဇွန် ၂ ရက်အထိ ဆက်လက် ကျင်းပသွားမည်ဖြစ်ရာ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**





# ရွှေဘိုမြို့နယ်၌ နေကြာသီးနှံ တိုးချဲ့စိုက်ပျိုးရေး မျိုးစေ့များ ပေးအပ်

**ရွှေဘို မေ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် နေကြာသီးနှံတိုးချဲ့စိုက်ပျိုးရေး အသိပညာပေးဆွေးနွေးပွဲကို မေ ၁၈ ရက်က ရွှေဘိုမြို့နယ် ဘုတ်ကုန်းကျေးရွာ၌ ပြုလုပ်သည်။

**အသိပညာပေး ပြောကြား**

ဦးစွာ ရွှေဘိုမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်နိုင်က အမှာစကားပြောကြားပြီး ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဇာဇာမင်းက ဘုတ်ကုန်းကျေးရွာရှိ စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ဝါစိုက်ပျိုးကြသော တောင်သူများအား သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ နေကြာသီးနှံတိုးချဲ့စိုက်ပျိုးရေးနှင့် အထွက်နှုန်းတိုးစေရန်အတွက် ပျားမွေးမြူရေးနှင့် တွဲဖက်ဆောင်ရွက်ရန် အသိပညာပေး ပြောကြားသည်။

ထို့နောက် ရွှေဘိုခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးရုံးမှ နေကြာမျိုးစေ့၊ ဝါမျိုးစေ့နှင့် ရွှေဘိုပေါ်ဆန်းမျိုးစေ့များကို ဘုတ်ကုန်းကျေးရွာရှိ အကျိုးဆောင်တောင်သူများအား အခမဲ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# စံချိန်စံညွှန်းပြည့်မီသည့် အရည်အသွေးကောင်းပို့ကုန်သီးနှံများ တိုးတက်စိုက်ပျိုးထုတ်လုပ်ရေး ညှိနှိုင်းဆွေးနွေး

ရန်ကုန် မေ ၂၀

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယမန်နေ့ မွန်းလွဲပိုင်းက ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးများ၊ စိုက်ပျိုးရေးဦးစီးမှူးများအား ရန်ကုန်တိုင်းဒေသကြီး ဇဟန်းမြို့နယ် မြေပဒေသာဥယျာဉ် စိုက်ပျိုးရေးပြတိုက်၌ တွေ့ဆုံ၍ စိုက်ပျိုးမွေးမြူရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပြီး ဒေသအလိုက် ဝမ်းစာဖူလုံမှုအပြင် ပို့ကုန်ကဏ္ဍတိုးတက်ရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

အလားတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းတို့သည် မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း၊ မြန်မာနိုင်ငံ ဒူးရင်းစိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းတို့မှ တာဝန်ရှိသူများ၊ စိုက်ပျိုးရေး အထူးပြု လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုနှင့် တင်ပို့ရောင်းချမှုဆိုင်ရာ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ၊ လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် တောင်ငူ ကေတုမတီမြို့ဟောင်း ပြန်လည်ဖော်ထုတ်ထိန်းသိမ်းထားရှိမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၂၀

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ယနေ့နံနက်ပိုင်းက တောင်ငူမြို့ရှိ ကေတုမတီမြို့ဟောင်း မြောက်ဘက်မြို့ရိုး မော်ကွန်းတံခါး တူးဖော်ထိန်းသိမ်းထားရှိမှုနှင့် မြို့ရိုးအနီး ကျုံးကူးတံတား တည်ဆောက်ရန် လျာထားသည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

**ဆောင်ရွက်ရန် မှာကြား**

ကြည့်ရှုစစ်ဆေးစဉ် မော်ကွန်းတံခါးနေရာအား မူလပုံသဏ္ဌာန်မပျက် ပြန်လည်တည်ဆောက်ပြသရန်၊ မူလတည်ဆောက်ခဲ့သော ကျုံးကူးတံတား၏ သစ်သားတိုင်များအား ရှာဖွေတွေ့ရှိခဲ့သော မူလနေရာတွင် ပြန်လည်တည်ဆောက်ရန်၊ တည်ဆောက်ရာတွင် သက်ဆိုင်ရာ ပညာရှင်များနှင့် ညှိနှိုင်းတိုင်ပင်၍ မူလပုံသဏ္ဌာန်အတိုင်း တတ်နိုင်သရွေ့ ရှာဖွေပုံစံထုတ်ရန်နှင့် ကြံ့ခိုင်အောင် ဆောင်ရွက်ရန် မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ကေတုမတီမြို့ဟောင်း မြောက်ဘက်မြို့ရိုးရှိ မြဝတီတံခါး သုတေသနပြုတူးဖော်နေမှု၊ ယိုးဒယားပေါက်၊ ကိုလိုနီခေတ်က တည်ဆောက်ခဲ့သော မြို့လေးခံတပ်၊ ပုတ်တလုတ်ကန်၊ မန္တလေးလျှောင်ကြောင့် ထိခိုက်မှုဖြစ်ပေါ်ခဲ့သည့် ပြည်ကျောင်းတိုက် နှစ်ထပ်အုတ်ကျောင်း၊ နန်းတော်ရာနေရာ သုတေသနပြုတူးဖော်နေမှု၊ ကေတုမတီမြို့ဟောင်း အနောက်ဘက်မြို့ရိုး စင်တံခါးနေရာနှင့် သစ်ရင်းတံခါးတူးဖော်သုတေသနပြု ထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တပ်ကုန်းမြို့နယ်အတွင်း ကျေးလက်လမ်းများ ဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

တပ်ကုန်း မေ ၂၀

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်းရှိ ဒေသထွက်ကုန်များ ဈေးကွက်သို့အချိန်မီရောက်ရှိစေရေး ကျေးလက်လမ်းကွန်ရက်များ ဆောင်ရွက်ပေးနိုင်ရန်အတွက် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်အောင်နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများက မေ ၁၇ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုခဲ့သည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်အောင်နှင့် တာဝန်ရှိသူများက အောင်မြေရိပ်သာ-နောင်ဘိုအိုး-ကံကြီးကျေးရွာချင်းဆက်လမ်းအား ကြည့်ရှုစစ်ဆေးခဲ့ပြီး ဒေသလိုအပ်ချက်နှင့်အညီ ကျေးလက်လမ်းများကို ဆောင်ရွက်ရန် ရှင်းလင်းမှာကြားခဲ့ကြောင်း သိရသည်။ **တင်စိုးလွင်(ပြန်/ဆက်)**



## မွန်ပြည်နယ်ဝန်ကြီးချုပ် ကျိုက်မရောမြို့နယ် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

မော်လမြိုင် မေ ၂၀

မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းသည် ယနေ့နံနက်ပိုင်းက ကျိုက်မရောမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း၌ ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဆင့်ပွားသင်တန်း(မြို့နယ်အဆင့်) ဖွင့်လှစ်သင်ကြားနေမှုကို ကြည့်ရှုအားပေးသည်။

**ကြည့်ရှုအားပေး**

ထို့နောက် အဆိုပါကျောင်း၌ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းအပ်နှံနိုင်ရေး ဆောင်ရွက်ထားရှိမှု၊ ကျောင်းသုံးစာအုပ်များ၊ ဗလာစာအုပ်များ ဖြန့်ဝေပေးနိုင်ရေး ဆောင်ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုအားပေးပြီး ကျိုက်မရောမြို့နယ် ရေတွင်းကုန်းကျေးရွာ အခြေခံပညာ အထက်ကျောင်း(ခွဲ)၌ အထူးကု ဆရာဝန်ကြီးများနှင့် ကျန်းမာရေး ဝန်ထမ်းများက ပြည်သူများ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်း၊ ဆေးဝါးများ လှူဒါန်းပေးနေခြင်းတို့ကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ရေတွင်းကုန်းကျောင်း၌ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းအပ်နှံနိုင်ရေး ဆောင်ရွက်ထားရှိမှု၊ ကျောင်းသုံးစာအုပ်များ၊ ဗလာစာအုပ်များ ဖြန့်ဝေပေးနိုင်မှုနှင့် နိုင်ငံသား စိစစ်ရေးကတ်နှင့် UID ထုတ်ပေးခြင်းကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပိန္နဲကုန်းကျေးရွာရှိ ဦးစိန်သန်း၏ ဝက်မွေးမြူရေးခြံသို့ ရောက်ရှိကာ ဝက်မွေးမြူရေး ခြံအတွင်း ဝက်မျိုးမ၊ ဝက်သိုးနှင့် ဝက်သားခွဲများ စီးပွားဖြစ်မွေးမြူထားရှိမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



## နောင်ချိုမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID များ ဆောင်ရွက်ပေး

နောင်ချို မေ ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်တွင် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID များ ထုတ်ပေးခြင်းကို ယမန်နေ့က ကုန်းသာကျေးရွာအုပ်စုအတွင်းရှိ ပြည်သူများအား မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန(ယာယီ)ရုံး၌ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးအရာရှိ ဦးနေလင်းအေးနှင့် ဝန်ထမ်းများက အသက် ၁၀ နှစ်နှင့်အထက် မှတ်ပုံတင်အသစ် ပြုလုပ်ပေးခြင်း၊ UID ကတ်များထုတ်ပေးခြင်း၊ အသက် ၁၈ နှစ်ပြည့်မှတ်ပုံတင်လဲလှယ်ခြင်း၊ ဟောင်းနွမ်းပျက်စီးမှတ်ပုံတင်များအား အသစ်လဲလှယ်ပေးခြင်းများကို ဆောင်ရွက်ပေးကြသည်။

အဆိုပါဆောင်ရွက်ပေးရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစည်သူလင်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ပြီး နိုင်ငံသားစိစစ်ရေးကတ်နှင့် UID များကို ကာယကံရှင်များထံသို့ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## တိုင်းရင်းသားရေးရာအသိပညာပေးဟောပြောခြင်းနှင့် ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာလိုအပ်ချက်များ ဆန်းစစ်စီမံခြင်းအခမ်းအနားကျင်းပ

**စစ်တွေ မေ ၂၀**



တိုင်းရင်းသားရေးရာ အသိပညာပေး ဟောပြောခြင်းနှင့် ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာ လိုအပ်ချက်များကို ဆန်းစစ်စီမံခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦး၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီအဖွဲ့ဝင်များနှင့် ယာယီနေရပ်စွန့်ခွာစခန်း ၅၄ ခုမှ တိုင်းရင်းသားများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းရင်းသားရေးရာ အသိပညာပေးဟောပြောခြင်းနှင့် ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာလိုအပ်ချက်များကို ဆန်းစစ်စီမံခြင်းအတွက် ချီးမြှင့်ငွေကျပ် ၇၂ သိန်းပေးအပ်ရာ ပြည်နယ်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးက လက်ခံရယူပြီး ပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက အသိပညာပေးဟောပြောပွဲဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

## မကွေးမြို့၌ စိုက်ပျိုးရေးအထောက်အကူပြု ဆွေးနွေးပွဲကျင်းပ

**မကွေး မေ ၂၀**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ လယ်ယာသုံးစက်ကိရိယာချေးငွေအစီအစဉ်သစ်နှင့် စိုက်ပျိုးရေးအထောက်အကူပြု ဆွေးနွေးပွဲအခမ်းအနားကို မေ ၁၉ ရက် မွန်းလွဲပိုင်းက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးယဉ်ထွန်းက အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက စိုက်ပျိုးရေးဆိုင်ရာ နည်းစနစ်ကောင်းများဖြင့် စနစ်တကျစိုက်ပျိုးထုတ်လုပ်နိုင်ရေး အသိပညာပေးဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူများက လယ်ယာသုံးစက်ကိရိယာချေးငွေအစီအစဉ်သစ်၏ အကျိုးကျေးဇူးများနှင့် ချေးငွေလျှောက်ထားရာတွင် လိုအပ်သည့် စာရွက်စာတမ်းများ၊ ရရှိနိုင်မည့်စက်ကိရိယာများကို အသေးစိတ်ရှင်းလင်းပြောကြားသည်။ အဆိုပါ ဆွေးနွေးပွဲသို့ ဒေသခံတောင်သူ စုစုပေါင်း ၃၀၂ ဦးတက်ရောက်ခဲ့ပြီး တောင်သူ ၅၁ ဦးက ချေးငွေအစီအစဉ်ကို စိတ်ဝင်စား၍ လျှောက်လွှာချက်ချင်းဖြည့်သွင်းခဲ့ကြောင်း သိရသည်။ **မောင်ခိုင်မင်း(ပြန်/ဆက်)**



## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်း ကော်မရှင်ရုံးခွဲ(မန္တလေး)ရှိ ဝန်ထမ်းများနှင့် တွေ့ဆုံ



**နေပြည်တော် မေ ၂၀**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်းသည် ယနေ့နံနက်ပိုင်းတွင် ကော်မရှင်ရုံးခွဲ(မန္တလေး)ရှိဝန်ထမ်းများနှင့် အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ကော်မရှင်ရုံးခွဲ ညွှန်ကြားရေးမှူးက ကော်မရှင်ရုံးခွဲ၏ ရုံးလုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကော်မရှင်ဥက္ကဋ္ဌက နိုင်ငံ့ဝန်ထမ်းများ ဖြစ်သည့်အတွက် ပါတီနိုင်ငံရေး ကင်းရှင်းရန်လိုကြောင်း၊ နိုင်ငံတော်အကျိုးရှေးရှုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိကြောင့် နိုင်ငံအကျိုးထိခိုက်မှုမရှိအောင် သတိထားဆောင်ရွက်ကြစေ လိုကြောင်း၊ ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် ခံယူပြီး အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းနှင့် စုံစမ်းစစ်ဆေးခြင်းဟူသော ကဏ္ဍ(၃)ရပ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့် ပေးအပ်လာသည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်အတွက် ဝန်ထမ်းတစ်ဦးချင်းအနေဖြင့် အရည်အချင်း၊ ဝမ်းစာပြည့်ဝနေအောင် အမြဲတမ်းဖြည့်ဆည်းနေရန်လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ကော်မရှင်ဥက္ကဋ္ဌက ရုံးခွဲရှိ ဝန်ထမ်းများနှင့် မိသားစုများအတွက် ဆန်၊ စားသုံးဆီနှင့် ကြက်ဥများကို ထောက်ပံ့ပေးအပ်ပြီး ဝန်ထမ်းများ၏ လုပ်ငန်းတာဝန် ထမ်းဆောင်နေမှုနှင့် ကော်မရှင်ရုံးခွဲ ဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကော့မှူးမြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

**ကော့မှူး မေ ၂၀**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်တွင် သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း(နတ်စင်ကုန်း)၌ ကျင်းပသည်။

**တက်ရောက်**

ဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ် ဦးအောင်စိုးက ပြည်သူလူထုပူးပေါင်းပါဝင်သော သစ်တောထိန်းသိမ်းရေး၊ မီးခိုးမြူငွေ့လျှော့ချရေးနှင့် တောမီးလောင်ကျွမ်းမှု လျှော့ချစေနိုင်မည့်နည်းလမ်းများ၊ ကျေးရွာပိုင် တစ်အုပ်တစ်မစိုက်ခင်းများ၊ တစ်အိမ်ထောင်လျှင် နှစ်ရှည်ပင်တစ်ပင်နှုန်းစိုက်ပျိုးသွားရန် ဟောပြောပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းရာ ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် ဟောပြောပွဲသို့ တက်ရောက်လာသူများကို မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများက မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကျော်သူရ(ကော့မှူး)**

## တောင်ငူမြို့၌ AML/CFT ဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်လှစ်

**တောင်ငူ မေ ၂၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ The City Gift shop (3D ရုပ်ရှင်ရုံ)၌ တောင်ငူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကြီးမှူး၍ တောင်ငူခရိုင်အိမ်ခြံမြေ အကျိုးဆောင်နှင့် အဖိုးတန်သတ္တုရောင်းဝယ်သူများ ကြီးကြပ်ရေးအာဏာပိုင်မှ ဆွေးနွေးပို့ချသော AML/CFT ဆိုင်ရာ အသိပညာပေးသင်တန်းကို မေ ၁၆ ရက်က ကျင်းပသည်။

**အသိပညာပေးဟောပြော**

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦးက အမှာစကားပြောကြားပြီး တောင်ငူခရိုင်အတွင်းရှိ အိမ်ခြံမြေအကျိုးဆောင်နှင့် အဖိုးတန်သတ္တုရောင်းဝယ်သူ လုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ကုမ္ပဏီလုပ်ငန်းရှင်များ စုစုပေါင်း ၃၀၀ ခန့်အား သက်ဆိုင်ရာခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မြေယာကိစ္စများ၊ အခွန်ဆိုင်ရာ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာနှင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာများကို အသိပညာပေးဟောပြောဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

**ဇော်ကိုကို(တောင်ငူ)**

❖



ရမည်းသင်းမြို့နယ်၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အထိမ်းအမှတ် ကျောင်းအပ်နှံရေးနေ့လက်ကမ်းစာစောင်များကို မေ၁၉ရက် နံနက်ပိုင်းက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအနီး၌ ဖြန့်ဝေပေးစဉ်။ ခရိုင်(ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက မေ ၁၈ ရက်တွင် ခရမ်းမြို့နယ် မောင်းမကျေးရွာ၌ မိုးစပါးပန်းတိုင်အထွက်နှုန်း တိုးတက်စေရေးအတွက် တောင်သူပညာပေးဆွေးနွေးပွဲပြုလုပ်စဉ်။ သန်းဝင်း(သန်လျင်)





ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံနိုင်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို မေ ၁၉ ရက်က လူစည်ကားရာနေရာများ၌ ဖြန့်ဝေပေးစဉ်။ မြို့နယ်(ပြန်/ဆက်)

## ကချင်ပြည်နယ်ဝန်ကြီးချုပ် မြစ်ကြီးနား- မိုးကောင်း - မိုးညှင်း မီးရထားခရီးစဉ် တိုးချဲ့ပြေးဆွဲနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး



မြစ်ကြီးနား မေ ၂၀

မြစ်ကြီးနား- မိုးကောင်း- မိုးညှင်း မီးရထားခရီးစဉ် တိုးချဲ့ပြေးဆွဲနိုင်ရေး အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲက ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က မိုးကောင်း-မိုးညှင်း မီးရထားလမ်းပိုင်း ၅၂ ဒသမ ၂၅ မိုင်အနက် ၃၀ ဒသမ ၉၁ မိုင်အထိ ပြုပြင်ပြီးစီးနေပြီ ဖြစ်ကြောင်း၊ ယခုအခါ မိုးကောင်း-မိုးညှင်း လမ်းပိုင်း ပြုပြင်မှုလုပ်ငန်းများ ပြီးစီးအောင် ဆောင်ရွက်သွားမည် ဖြစ်ပြီး လမ်းပိုင်းပြုပြင်ပြီးစီးပါက မြစ်ကြီးနား- မိုးကောင်း- မိုးညှင်း အထိ မီးရထားပြေးဆွဲနိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမှတ်(၁)တိုင်း မြန်မာ့မီးရထားအင်ဂျင်နီယာဌာန အင်ဂျင်နီယာမှူး(မြို့ပြ) ဦးအောင်မော်နှင့် တာဝန်ရှိသူများက ကျန်ရှိနေသည့်လမ်းပိုင်းအား ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသူများက မြစ်ကြီးနား-မိုးကောင်း-မိုးညှင်း မီးရထား ပြန်လည်ပြေးဆွဲနိုင်ရေးအတွက် အကြံပြုဆွေးနွေးမှုများကို ပြည်နယ်ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေး ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ဒလမြို့နယ်၌ မိုးစပါးရာသီ ပန်းတိုင်အထွက်နှုန်းရရှိရေး ဟောပြော

ရန်ကုန် မေ ၂၀

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ မိုးစပါးရာသီတွင် ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် အထွက်နှုန်းတိုးတက်ရေးအတွက် နည်းပညာပေးဟောပြောဆွေးနွေးပွဲကို မေ ၁၈ ရက် နံနက်ပိုင်းက ကျင်းပသည်။

**ဆွေးနွေးဟောပြော**

ဦးစွာ ဒလမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်မိုးက စိုက်ပျိုးရေးဆိုင်ရာကိစ္စရပ်များ ရှင်းလင်းတင်ပြပြီး သန်လျင်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်မြေအသုံးချရေးတာဝန်ခံ ဒေါ်ဆွေဆွေမြင့်က မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နည်းပညာများ၊ ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်တင်တင်ဝင်းက မျိုးကောင်းမျိုးသန့်သုံးစွဲရေး၊ မျိုးသန့်မျိုးစေ့ထုတ်လုပ်ရေးဆိုင်ရာကိစ္စများကို ဆွေးနွေးဟောပြောသည်။

ထို့နောက် ဒလမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်မိုးက ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် အထွက်နှုန်းတိုးတက်ရေးတို့အတွက် ဆောင်ရွက်ရမည့်နည်းလမ်းများကို ရှင်းလင်းဆွေးနွေးပြီး ခနုတ်စံပြကျေးရွာမှ တောင်သူဦးကျော်တင့် အား ငွေနှင်းမှိုမျိုးထုပ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ခင်စန္ဒာမြင့်(ပြန်/ဆက်)



## ပဲခူးတိုင်းဒေသကြီး၌ ပညာရေးနှင့် အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုအားပေး



ပဲခူး မေ ၂၀

Football for School၊ Smart School Program ဘောလုံးသင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဟံသာဝတီယူနိုက်တက် ဘောလုံးကွင်း၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်၍ တိုင်းဒေသကြီးဂုဏ်ဆောင်၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ဖြစ်စေရေး စဉ်ဆက်မပြတ် ကြိုးစားလေ့ကျင့်ကြစေလိုကြောင်း အမှာစကား ပြောကြားသည်။

ထို့နောက် သင်တန်းဆင်းလက်မှတ်နှင့် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းအတွက် အားကစားပစ္စည်းများ ပေးအပ်ပြီး သင်တန်းသားများ၏ ဘောလုံးလေ့ကျင့်မှု သရုပ်ပြသခြင်းကို ကြည့်ရှုအားပေးသည်။

ယင်းနောက် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည့် (၃၉)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲကို ကြည့်ရှုအားပေးပြီး အားကစားဥယျာဉ်၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် ပဲခူးတိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးရာ ပဲခူးတိုင်းဒေသကြီးအသင်းက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## မိတ္ထီလာမြို့၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်

မိတ္ထီလာ မေ ၂၀

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့၌ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မိတ္ထီလာခရိုင်ဘဏ်ခွဲ၏ ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲကို ယမန်နေ့မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ချေးငွေအကြံပေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်အောင်လေးက အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မိတ္ထီလာခရိုင်ဘဏ်ခွဲ မန်နေဂျာ ဒေါ်မော်စီက ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေးခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြန်မာ့အာမခံလုပ်ငန်း ခရိုင်တာဝန်ခံ ဦးသန်းဌေးက သီးနှံအာမခံထားရှိမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ လျှော်ဖြူကန်ကျေးရွာအုပ်စု၊ ညောင်ကိုင်းကျေးရွာအုပ်စုနှင့် ကျွဲတလင်းကျေးရွာအုပ်စုတို့မှ တောင်သူများအား မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)



## လွိုင်လင်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ နေ့ချင်းပြီးထုတ်ပေး



လွိုင်လင် မေ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် လွိုင်လင်မြို့နယ်ဦးစီးမှူးရုံးတွင် မေ ၁၆ ရက် နံနက်ပိုင်းက ပန်မုန့်ကျေးရွာအုပ်စုနှင့် ပန်ဝိုးကျေးရွာအုပ်စုတို့မှ ပြည်သူ ၇၉ ဦးအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုကို ရှမ်းပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်ဝင်းသိန်းနှင့် လွိုင်လင်ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဥမ္မာအောင်တို့က ကြည့်ရှုအားပေးပြီး နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို ပြည်သူများလက်ဝယ်သို့ နေ့ချင်းပြီး ပေးအပ်ခဲ့ကြောင်း သိရသည်။

အယ်မင်း(လွိုင်လင်)

## ဒေါပုံမြို့နယ်၌ မြို့ရွာပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

ရန်ကုန် မေ ၂၀

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်တွင် “မြို့ရွာပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး” ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ယမန်နေ့နံနက်ပိုင်းက လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အဆိုပါ ပြည်သူ့စကားဝိုင်းတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကျော်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်နိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထူးထက်တို့က ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသိန်းအောင်၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးသန်းထွန်းအောင်၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းရေး) တာဝန်ခံ ဒေါ်နွယ်နီအောင်နှင့် ရေစီးရေလာဌာနမှ ဒုတိယတာဝန်ခံ ဒေါ်စိမ်းမိုမိုတို့က မြို့နယ်အတွင်း ဌာနများအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်သူများက သိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

ချစ်စုဝေ(ပြန်/ဆက်)

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူ ၆၂ ဦး ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၀**

မြန်မာနိုင်ငံ အစိုးရအနေဖြင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်း လောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အလေးထားတိုက်ဖျက်ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ အဆိုပါ ဒုစရိုက်မှုနှိမ်နင်းရေးလုပ်ငန်းများကို တက်ကြွစွာ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများ၊ လုပ်ငန်းသုံးပစ္စည်းများကို လည်းကောင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခဲ့သည့် တရားမဝင် ပြည်ပနိုင်ငံသား ၅၁ ဦးနှင့် မြန်မာနိုင်ငံသား ၁၁ ဦး တို့ကို လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

လုံခြုံရေး ပူးပေါင်းအဖွဲ့သည် အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို လက်ခံနိုင်ခြင်းမရှိသည့် ဒေသခံပြည်သူများ၏ သတင်းပေးပို့မှုများအရ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်အတွင်း လိုအပ်သည့် စုံစမ်းစစ်ဆေးခြင်းနှင့် ရှာဖွေဖော်ထုတ်ခြင်းများကို လုပ်ဆောင်စဉ် ယနေ့နံနက် ၁၀ နာရီခန့်တွင် မိုင်းခတ်မြို့နယ် မိုင်းဟန်ကျေးရွာအုပ်စု ဖားငင်ကျေးရွာ၏ အနောက်တောင်ဘက် မီတာ ၁၀၈၀ ခန့်အကွာ၌ တရားမဝင် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အလျားပေ ၁၈၀ အနံပေ ၅၀ ရှိ လူနေတဲ နှစ်လုံး၊ အလျားပေ ၂၀ အနံ ၁၅ ပေရှိလူနေတဲ နှစ်လုံး၊ ၁၅ ပေ ပတ်လည်ရှိ လူနေတဲ ခုနစ်လုံး၊ အလျား ပေ ၆၀ အနံပေ ၃၀ ရှိ လုပ်ငန်းသုံးတဲ နှစ်လုံး၊ ပေ ၃၀ ပတ်လည်ရှိ ထမင်းစားဆောင်နှစ်လုံး၊ ကွန်ပျူတာ ဖလက်ပြား (မော်နီတာ) ခြောက်လုံး၊ မီးစက် (အလတ်) တစ်လုံး၊ မီးစက်(အကြီး) နှစ်လုံး၊ Power Station (အကြီး) တစ်လုံး၊ စားပွဲခုံ ၁၈ လုံး၊ ကုလားထိုင် ကော်ခုံ ၃၁ လုံး၊ ရေခဲသေတ္တာ နှစ်လုံးနှင့် ဂက်စ်အိုး တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ရှာဖွေဖော်ထုတ်မှုများ ဆက်လက်ဆောင်ရွက်ရာ ဖားငင်ကျေးရွာ၏ အနောက်တောင်ဘက်မီတာ ၉၀၀ ခန့်အကွာ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ကိုင်ရာတွင် အသုံးပြုသည့် အလျားပေ ၅၀ အနံ ၁၅ ပေရှိ လူနေတဲ သုံးလုံး၊ အလျား ၁၀ ပေ အနံ ခြောက်ပေရှိ လူနေတဲ နှစ်လုံး၊ ခုနစ်ပေပတ်လည်ရှိ လူနေတဲ တစ်လုံး၊ အလျား ပေ ၄၀ အနံ ၁၅ ပေရှိ စားချက်ဆောင် တစ်လုံး၊ အလျားပေ ၄၀ အနံ ၁၅ ပေရှိ ထမင်းစားဆောင် တစ်လုံး၊ အလျားပေ ၄၀ အနံ ၁၀ ပေရှိ ဆောက်လုပ်ဆဲလူနေတဲ တစ်လုံး၊ အလျားပေ ၄၀ အနံပေ ၂၀ ရှိ လုပ်ငန်းသုံးတဲ တစ်လုံး၊ မီးစက် တစ်လုံး၊ ကွန်ပျူတာ ဖလက်ပြား (မော်နီတာ) သုံးလုံး၊ CPU တစ်လုံး၊ ရေခဲသေတ္တာ နှစ်ခန်းတွဲ တစ်လုံး၊ စားပွဲခုံ ၁၈ လုံးနှင့် ကုလားထိုင် (ကော်ခုံ) အလုံး ၆၀ တို့ကို ထပ်မံ သိမ်းဆည်းရရှိခဲ့သည်။

ဆက်လက်၍ ပူးပေါင်းအဖွဲ့သည် ရှာဖွေဖော်ထုတ်မှုများ ဆက်လက်ဆောင်ရွက်ရာ ယနေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် ဖားငင်ကျေးရွာ၏ အနောက်တောင်ဘက်မီတာ ၂၂၀၀ ခန့် အကွာ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်သူ တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ၂၀ ကို လည်းကောင်း၊ ဖားငင်ကျေးရွာ၏ အနောက်တောင်ဘက် မီတာ ၂၈၀၀ ခန့် အကွာ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်သူ တရားမဝင် တရုတ်နိုင်ငံသား ၁၄ ဦး၊ မြန်မာနိုင်ငံသား အမျိုးသား တစ်ဦးနှင့် ဖုန်းမျိုးစုံ ၁၂ လုံးတို့ကို လည်းကောင်း၊ ဖားငင်ကျေးရွာ၏ တောင်ဘက်မီတာ ၂၁၀၀ အကွာ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်သူ တရားမဝင် တရုတ်နိုင်ငံသား ၁၅ ဦး၊ ဗီယက်နမ်နိုင်ငံသား အမျိုးသမီးတစ်ဦး၊ မြန်မာနိုင်ငံသား အမျိုးသမီး သုံးဦးနှင့် ဖုန်းမျိုးစုံ ၁၁ လုံးတို့ကို လည်းကောင်း၊ ဖားငင်ကျေးရွာ၏ တောင်ဘက် မီတာ ၁၉၀၀ ခန့်အကွာ၌ အွန်လိုင်း လိမ်လည် လောင်းကစားမှု ကျူးလွန်သူ မြန်မာနိုင်ငံသား အမျိုးသား လေးဦး၊ အမျိုးသမီး သုံးဦးနှင့် ဖုန်းမျိုးစုံ ငါးလုံးတို့ကို လည်းကောင်း၊ ဖားငင်ကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၂၅၀၀ ခန့်အကွာ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်သူ တရားမဝင် တရုတ်နိုင်ငံသား အမျိုးသားတစ်ဦးတို့ကို လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သောကြောင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်သူ စုစုပေါင်း တရားမဝင် ပြည်ပနိုင်ငံသား အမျိုးသား ၅၀ နှင့် အမျိုးသမီး တစ်ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ငါးဦးနှင့် အမျိုးသမီး ခြောက်ဦးတို့ကို ဖမ်းဆီး ထိန်းသိမ်း နိုင်ခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲ ဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်း သုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် ဖားငင်ကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခဲ့သူများနှင့် လုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိသည့် နေရာပြပုံ။




မြန်မာနိုင်ငံ အစိုးရအနေဖြင့် အွန်လိုင်း လိမ်လည်မှုများနှင့် အွန်လိုင်း လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်း အမျိုးမျိုးကြောင့် မြန်မာနိုင်ငံ အတွင်းသို့ ရောက်ရှိနေပြီး အွန်လိုင်း လိမ်လည်လောင်းကစားမှုတွင် တစ်နည်းနည်းဖြင့် ပါဝင်ပတ်သက်နေသည့် ပြည်ပနိုင်ငံသားများကိုလည်း တရားဥပဒေနှင့်အညီ စစ်ဆေးကာ လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးခြင်းများ၊ အဓိကပြစ်မှု ကျူးလွန်ခဲ့သူများကိုလည်း ဖမ်းဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာအစိုးရအဖွဲ့ထံ တရားဝင်လွှဲပြောင်းပေးခြင်းများနှင့် တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



မိုင်းခတ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခဲ့သည့် တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ၂၀ ကို တွေ့ရစဉ်။



မိုင်းခတ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခဲ့သည့် တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ၁၅ ဦး၊ ဗီယမ်နမ်နိုင်ငံသား အမျိုးသမီး တစ်ဦး၊ မြန်မာနိုင်ငံသား အမျိုးသမီး သုံးဦးတို့ကို တွေ့ရစဉ်။



မိုင်းခတ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခဲ့သည့် တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ၁၄ ဦးနှင့် မြန်မာနိုင်ငံသား အမျိုးသားတစ်ဦးတို့ကို တွေ့ရစဉ်။



မိုင်းခတ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခဲ့သည့် မြန်မာနိုင်ငံသား အမျိုးသား လေးဦးနှင့် အမျိုးသမီး သုံးဦးတို့ကို တွေ့ရစဉ်။





မိုင်းခတ်မြို့နယ် ဖားငင်ကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံနှင့် လုပ်ငန်းသုံးပစ္စည်းများကို တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများအား တွန်းဇံမြို့ရှိ ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုကြစဉ်။

○ ကျောဖုံးမှ

PDF အမည်ခံ အကြမ်းဖက်သမားများကို အသုံးချလျက် ချင်းပြည်နယ်အတွင်းရှိ မြို့များအား အကြမ်းဖက် တိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့ကြရာ တွန်းဇံမြို့၌ မြို့လုံခြုံရေးနှင့် နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသော လုံခြုံရေး တပ်ဖွဲ့ဝင်များအား ၂၀၂၄ ခုနှစ် မေ ၁၆ ရက်မှစ၍ အင်အားအလုံးအရင်းဖြင့် အလစ်အငိုက်ဝင်ရောက် တိုက်ခိုက်ခဲ့ကြသည်။

အကြမ်းဖက်သောင်းကျန်းသူများသည် ပြည်သူများ၏ နေအိမ်များ၊ ရုံးဌာနများနှင့် ဘာသာရေး အဆောက်အအုံများအား အကာအကွယ်ပြု၍ အင်အားအလုံးအရင်းဖြင့် တိုက်ခိုက်ခဲ့ကြရာ လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် ဒေသခံ တိုင်းရင်းသား ပြည်သူများ၏ နေအိမ်များ၊ ဌာနဆိုင်ရာ အဆောက်အအုံများနှင့် ဘာသာရေးအဆောက်အအုံများ ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြစ်စေရေးနှင့် ပြည်သူများ ထိခိုက်ဆုံးရှုံးမှု မရှိစေရေးအတွက် စနစ်တကျ ဆုတ်ခွာခဲ့ကြရာ ၂၀၂၄ ခုနှစ် မေ ၂၃ ရက်တွင် တွန်းဇံမြို့အား အကြမ်းဖက် သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ယာယီစိုးမိုးခဲ့ကြသည်။

CDF၊ CNA နှင့် PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် တွန်းဇံမြို့အား ယာယီစိုးမိုးထားစဉ် ဌာနဆိုင်ရာဝန်ထမ်းများအား ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ရိုးသားအေးချမ်းစွာ နေထိုင်လျက်ရှိကြသည့် ဒေသခံ တိုင်းရင်းသားပြည်သူများအား အကြောက်တရားလွှမ်းမိုးစေရန် ခြိမ်းခြောက်သတ်ဖြတ်ခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်း၊ ၎င်းတို့ အကျိုးစီးပွားအတွက် လုပ်အားရယူခိုင်းစေခြင်း၊ ဒေသခံတိုင်းရင်းသား ပြည်သူများ လုပ်ကိုင်သည့် စီးပွားရေးလုပ်ငန်းများကို လက်ဝါးကြီးအုပ်၍ သိမ်းဆည်းလုပ်ကိုင်ခြင်း၊ ကုန်စည်စီးဆင်းရာ ဆက်သွယ်ရေးလမ်းကြောင်းများအား ပိတ်ဆို့ခြင်းတို့ကြောင့် ကုန်စည်စီးဆင်းမှု အခက်အခဲများ ဖြစ်ပေါ်ခဲ့ကာ စားသောက်ကုန်နှင့် လူသုံးကုန်များ ဈေးနှုန်းကြီးမြင့်ခြင်းတို့ ဖြစ်ပေါ်ခဲ့ပြီး ဒေသခံတိုင်းရင်းသား ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး စသည်ဖြင့် လူမှုစီးပွားဘဝများ ချွတ်ခြုံကျဆင်း၍ အကြမ်းဖက်မှုဒဏ်ကို ခါးသီးစွာ ခံစားကြရသည့် ဒေသခံပြည်သူများအနေဖြင့် ၎င်းတို့၏ တိုက်တာအိုးအိမ်များကိုစွန့်ခွာ၍ အခက်အခဲဒုက္ခမျိုးစုံဖြင့် ယာယီနေရပ်စွန့်ခွာနေထိုင်ခဲ့ကြရသည်။

တပ်မတော်အနေဖြင့် ပြည်သူလူထုအေးချမ်းစွာ နေထိုင်နိုင်ရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြမ်းဖက် သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မြို့နယ်၊ ကျေးရွာ၊ ဒေသအချို့တို့၌ အကြမ်းဖက် ချေမှုန်းမှုစစ်ဆင်ရေး (Counter-Terrorism Operation) များကို ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက် သောင်းကျန်းသူများ ယာယီစိုးမိုးထားခဲ့သည့် ဖလမ်းမြို့အား ၂၀၂၆ ခုနှစ် ဧပြီ ၂၅ ရက်တွင် တပ်မတော်က အပြည့်အဝပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဖလမ်းမြို့ အုပ်ချုပ်ရေးယန္တရား ပုံမှန်လည်ပတ်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည့်အပြင် နယ်မြေတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို တစ်ပြိုင်နက်တည်း ဆောင်ရွက်ပေးလျက်ရှိသည်။

ဖလမ်းမြို့အား ပြန်လည်သိမ်းပိုက်ရရှိပြီးနောက် တပ်မတော်အနေဖြင့် ဖလမ်း-သိုင်းငင်း-တီးတိန်- တွန်းဇံမြို့ ဆက်သွယ်ရေးလမ်းကြောင်း ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေးအတွက် ဖလမ်းမြို့နှင့် တီးတိန်မြို့အကြားရှိ အကြမ်းဖက် သောင်းကျန်းသူ အဖွဲ့များ ယာယီစိုးမိုးထားသည့် နေရာများအား ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ရန် ဖလမ်းမြို့တွင် စနစ်တကျ ပြင်ဆင်စုဖွဲ့မှုများ ဆောင်ရွက်ခဲ့ပြီး စစ်ကြောင်းများ ခွဲ၍ ၂၀၂၆ ခုနှစ် ဧပြီ ၂၉ ရက်မှ စတင်ချီတက် ရှင်းလင်းခဲ့ရာ သိုင်းငင်းလမ်းဆုံသို့ မေ ၂ ရက်တွင် ရောက်ခဲ့ကြောင်း၊ ကနေဒီတောင်အား မေ ၅ ရက်တွင် သိမ်းပိုက်ရရှိကာ မေ ၉ ရက်တွင် တီးတိန်မြို့သို့ ရောက်ရှိစုဖွဲ့ပြင်ဆင်ခဲ့ကြသည်။ ဆက်လက်၍ တပ်မတော်စစ်ကြောင်းများသည် အကြမ်းဖက် သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် တွန်းဇံမြို့အား ပြန်လည်သိမ်းပိုက်နိုင်ရေးအတွက် တီးတိန်မြို့တွင် လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများ ဆောင်ရွက်ခဲ့ကာ ပွိုင့်-၁၅၀၄ တောင်ကုန်းအား မေ ၁၁ ရက်တွင် လည်းကောင်း၊ မောင်ကင်ရွာနှင့် တွာလ်မူးရွာအား မေ ၁၂ ရက်တွင် လည်းကောင်း၊ ဂမ်ငိုင်ရွာအား မေ ၁၄ ရက်တွင် လည်းကောင်း၊ လွမ့်ဇန်ရွာနှင့် ဗျာလ်ကျင်းရွာအား မေ ၁၆ ရက်တွင် လည်းကောင်း၊ တပ်ဇန်ရွာအား မေ ၁၇ ရက်တွင် လည်းကောင်း၊ တုံးထွေ့ာင်ရွာနှင့် ပွိုင့်- ၁၉၈၅ တောင်ကုန်းအား မေ ၁၉ ရက်တွင် လည်းကောင်း အသီးသီး ပြန်လည်သိမ်းပိုက်ရရှိခဲ့သည်။ ဆက်လက်၍ တပ်မတော်စစ်ကြောင်းများသည် မေ ၂၀ ရက် မွန်းလွဲပိုင်းတွင် CDF၊ CNA နှင့် PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များအား အပြီးတိုင်တိုက်ထုတ်၍ တွန်းဇံမြို့အား အလုံးစုံသိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည်။

တပ်မတော်၏ တိုက်စစ်အဟုန်ကြောင့် ရှုံးနိမ့်၍ ဆုတ်ခွာထွက်ပြေးသော CDF၊ CNA နှင့် PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူများသည် ဆုတ်ခွာထွက်ပြေးစဉ် ဒေသအကျိုးစီးပွားပျက်စီးစေရန် ရည်ရွယ်ကာ လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲခြင်းများကို ယုတ်မာရိုင်းစိုင်းစွာဖြင့် လုပ်ဆောင်ခဲ့ကြသည်။

တပ်မတော်စစ်ကြောင်းများက တွန်းဇံမြို့နှင့် အဆိုပါဒေသတစ်ဝိုက်အား ပြန်လည်သိမ်းပိုက်ရရှိရေး မိမိတို့၏အသက်ကို ပဓာနမထားဘဲ ရွပ်ရွပ်ချွံချွံ အဆင့်ဆင့် ပြန်လည် တိုက်ခိုက်ထိန်းချုပ်ခဲ့ရာ အကြမ်းဖက် သောင်းကျန်းသူများနှင့် ထိတွေ့တိုက်ပွဲခြောက်ကြိမ် ဖြစ်ပွားခဲ့ပြီး ရန်သူ့ထံမှ အလောင်းနှစ်လောင်း၊ လက်နက်မျိုးစုံငါးလက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့သည်။

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများအနေဖြင့် ယာယီနေရပ်စွန့်ခွာခဲ့ကြရသည့် ဒေသခံပြည်သူများ တွန်းဇံမြို့အတွင်းသို့ အန္တရာယ်ကင်းရှင်းစွာ ပြန်လည်နေထိုင်နိုင်ရေးအတွက် အကြမ်းဖက် သောင်းကျန်းသူများ၏ ယုတ်မာရက်စက်စွာ လုပ်ဆောင်ခဲ့သည့် မြေမြှုပ်မိုင်းများ ရှင်းလင်းရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် နိုင်ငံတော်အစိုးရ အုပ်ချုပ်မှုယန္တရားများ အမြန်ဆုံး လည်ပတ်နိုင်ရေး၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး၊ ဆေးရုံ/ဆေးခန်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး စသည့် မြို့ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဒေသခံ တိုင်းရင်းသားများနှင့် ပူးပေါင်း၍ အမြန်ဆုံးပြန်လည်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

အကြမ်းဖက် သောင်းကျန်းသူများ၏ မတရားနှိပ်စက်ညှဉ်းပန်းမှုဒဏ်ကို ခါးသီးစွာခံစားခဲ့ရသည့် ဒေသခံ ပြည်သူများကလည်း အမှန်တကယ်အေးချမ်းတည်ငြိမ်မှုနှင့် ငြိမ်းချမ်းမှု၏ အနှစ်သာရများကို ကိုယ်တိုင်သိမြင်ခံစားလာရပြီး အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့်မြို့/ရွာအချို့ကို ပြန်လည်သိမ်းပိုက်ပြီး နယ်မြေရှင်းလင်း ချီတက်လာသော တပ်မတော်စစ်ကြောင်းများအား လမ်းကြောင်းတစ်လျှောက်၌ အောင်သပြေပန်းများ၊ ဂုဏ်ပြုပန်းကုံးများ ကိုင်ဆောင်ကာ သောင်းသောင်းဖြဖြ ဝမ်းပန်းတသာ ကြိုဆိုခဲ့ကြသည်။

ယခုကဲ့သို့ တပ်မတော်က တွန်းဇံမြို့အား အပြီးတိုင် ပြန်လည်သိမ်းပိုက် ထိန်းချုပ်ခဲ့သည့်အတွက် ချင်းပြည်နယ်အတွင်းရှိ ဟားခါး၊ ထန်တလန်၊ ဖလမ်း၊ တီးတိန်၊ တွန်းဇံနှင့် ကျီးခါးမြို့ စသည့် ချင်းပြည်နယ်မြောက်ပိုင်းဒေသ တစ်ခုလုံးအား တပ်မတော်မှ အလုံးစုံထိန်းချုပ်နိုင်ခဲ့ပြီဖြစ်သဖြင့် ယာယီနေရပ်စွန့်ခွာခဲ့ကြရသည့် ဒေသခံ တိုင်းရင်းသား ပြည်သူများအနေဖြင့်လည်း ၎င်းတို့၏နေရပ်များသို့ စိတ်အေးချမ်းသာစွာ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ပြီး ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများကိုလည်း ပြန်လည်လုပ်ဆောင်နိုင်ကြတော့မည်ဖြစ်သည်။ ထိုသို့ တပ်မတော်မှ အဆိုပါမြို့များအား ပြန်လည်ထိန်းချုပ်နိုင်ခြင်းကြောင့် ယခုအခါ ဟားခါး-ဖလမ်း- တီးတိန်-တွန်းဇံ-ကျီးခါး လမ်းကြောင်းနှင့် ကလေး-ဖလမ်း-ဟားခါး လမ်းကြောင်းများကို ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးမှတစ်ဆင့် ချင်းပြည်နယ်မြောက်ပိုင်းမြို့များသို့ ကုန်စည်စီးဆင်းမှုများ ပုံမှန်အတိုင်း ဆောင်ရွက်နိုင်တော့မည်ဖြစ်သဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများအတွက် ကုန်ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်တော့မည် ဖြစ်သည်။ ထို့ပြင် ယနေ့တွင်လည်း ယာယီနေရပ်စွန့်ခွာခဲ့ကြရသည့် ဒေသခံ တိုင်းရင်းသား ပြည်သူများနှင့် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားများ ပုံမှန်လည်ပတ်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် တပ်မတော်၏ စီမံဆောင်ရွက်မှုဖြင့် သက်ဆိုင်ရာအဖွဲ့အစည်း အသီးသီးမှ ဌာနဆိုင်ရာဝန်ထမ်းများသည် လိုအပ်သည့် ကူညီထောက်ပံ့ရေး ပစ္စည်းများနှင့်အတူ မော်တော်ယာဉ်များ၊ မော်တော် ဆိုင်ကယ်များဖြင့် ကလေးမြို့မှ ထွက်ခွာလာခဲ့ပြီး ညနေပိုင်းတွင် ဖလမ်းမြို့သို့ ရောက်ရှိကြရာ ဒေသခံတိုင်းရင်းသားပြည်သူများ၊ မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများက ရိုးရာအကများဖြင့် ဝမ်းပန်းတသာ လှိုက်လှိုက်လှဲလှဲ ကြိုဆိုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



တပ်မတော်စစ်ကြောင်းများက CDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် တွန်းဇံမြို့ရှိ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးအား ပြန်လည်ထိန်းချုပ်နိုင်မှုကို တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက CDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် လက်နက်ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။



အကြမ်းဖက်သမားများ အသုံးပြုထားသည့် အခိုင်အမာ ကွန်ကရစ်ဘန်ကာများကို တွေ့ရစဉ်။



CDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူများ ယာယီစိုးမိုးထားစဉ် ဌာနဆိုင်ရာအဆောက်အအုံများ ပျက်စီးမှုကို တွေ့ရစဉ်။

## စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေး ဟုမ္မလင်းမြို့နယ်ရှိ နမ့်ပင အသေးစားရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု




မုံရွာ မေ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေးသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် ဟုမ္မလင်းမြို့ရှိ အခြေခံပညာ ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ် ထုတ်ပေးနေမှုကို ကြည့်ရှုအားပေးပြီး ကျောင်းသား ကျောင်းသူများထံ နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်သည်။

ထို့နောက် ဟုမ္မလင်းမြို့နယ် နားသကျိုက် ကျေးရွာအနီးရှိ နမ့်ပငချောင်းပေါ်တွင် တည်ဆောက်လျက်ရှိသည့် "နမ့်ပင" အသေးစား ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ တည်ဆောက်ရေးတာဝန်ခံက လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေး၍ ဖိအားမြင့်သံမဏိပိုက်လိုင်း၊ ဓာတ်အားပေးစက်ရုံနှင့် ရေယူအဆောက်အအုံ တည်ဆောက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ နမ့်ပင အသေးစား ရေအား လျှပ်စစ်စီမံကိန်းသည် Concrete Gravity Dam အမျိုးအစားဖြစ်ပြီး တပ်ဆင်စက်အင်အားမှာ ၆ မဂ္ဂါဝပ်ဖြစ်ကာ နှစ်စဉ် လျှပ်စစ်ဓာတ်အား ၃၄ ဒသမ ၆၈ သန်း ကီလိုဝပ်နာရီ ပျမ်းမျှ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## ဒုတိယဝန်ကြီး ဦးအေးကျော် အောင်မြေသာစံခရိုင်အတွင်းရှိ ၂၃၀ ကေဗွီ မြောက်ပြင်ပင်မဓာတ်အားခွဲရုံနှင့် အောင်ပင်လယ်ပင်မဓာတ်အားခွဲရုံတို့ကို ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၂၀

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် မေ ၁၈ ရက်က မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံခရိုင်အတွင်းရှိ ၂၃၀ ကေဗွီ မြောက်ပြင်ပင်မဓာတ်အားခွဲရုံနှင့် အောင်ပင်လယ် ပင်မဓာတ်အားခွဲရုံတို့ကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ထရန်စဖော်မာနှင့် ဓာတ်အားလိုင်းထိန်းသိမ်းရေးလုပ်ငန်းများကို အမြဲမပြတ်စစ်ဆေးစောင့်ကြည့် ဆောင်ရွက်သွားကြရန်နှင့် ထိုသို့ဆောင်ရွက်ရာတွင် ဓာတ်အားသုံးစွဲသူပြည်သူများသို့ ကြိုတင်အသိပေးသွားကြရန် မှာကြားသည်။

အလားတူ မေ ၁၇ ရက်ကလည်း ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် သီပေါ ၆၆/၃၃/၁၁ ကေဗွီ ဓာတ်အားခွဲရုံ ပျက်စီးမှုနှင့် ပြန်လည်ပြုပြင် ဆောင်ရွက်ပြီးစီးမှု၊ သီပေါမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး၊ ကျောက်မဲမြို့နယ် ၃၃/၁၁ ကေဗွီ ပန်းပေါင်းဓာတ်အားခွဲရုံနှင့် ၃၃/၁၁ ကေဗွီစခန်းသာ ဓာတ်အားခွဲရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ကျုံပျော်မြို့နယ်၌ ပန်းရန်သင်တန်းဆင်း



ကျုံပျော် မေ ၂၀

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌ ဖွင့်လှစ်ခဲ့သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ပန်းရန်သင်တန်း ဆင်းပွဲကို မေ ၁၉ ရက်က ပြုလုပ်သည်။

ဦးစွာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဦးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးတို့က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်နှင့် သင်တန်းထူးချွန်ဆုများ ပေးအပ်သည်။

အဆိုပါသင်တန်းကို မေ ၅ ရက်မှ ၁၉ ရက်အထိ ၁၅ ရက်ကြာ ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရသည်။ **နေဝင်းမြင့်(ပြန်/ဆက်)**

## ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်)၌ နိုင်ငံသားစိစစ်ရေးကတ် ဆောင်ရွက်ပေး

ရန်ကုန် မေ ၂၀

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၌ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနက နိုင်ငံသားစိစစ်ရေးကတ်နှင့် UID အချက်အလက် ကောက်ယူခြင်းများကို မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများအတွင်း ကွင်းဆင်းဆောင်ရွက် ပေးလျက်ရှိရာ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)မှ အသက် (၁၈) နှစ်ပြည့် ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များကို ယနေ့ နံနက်ပိုင်းက ကျောင်းခန်းမ၌ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဖြိုးစန္ဒာ(ဆိပ်ကမ်း)**

## စေတုတ္တရာမြို့နယ်၌ ငှက်ဖျားနှင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

စေတုတ္တရာ မေ ၂၀

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဒေသအတွင်းငှက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါများ ဖြစ်ပွားမှုလျော့နည်းပပျောက်စေရန် မြို့နယ်အတွင်းရှိကျေးရွာများ၌ မေ ၁၈ ရက်က ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ပိုးလောက်လမ်းနှိမ်နင်းခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်သည်။

တပွင်ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲလက်အောက်ရှိ ကျေးရွာများတွင် ဒေသတွင်း ငှက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါ လျော့နည်းပပျောက်စေရေး ကျန်းမာရေးဆရာမများက အသိပညာပေးဟောပြောခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်နှင့် ပိုးလောက်လမ်းရှိ/မရှိ စစ်ဆေးခြင်း၊ ရေတွင်း၊ ရေကန်များအား အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဆန်းကိုကို(ပြန်/ဆက်)**



## ရေးမြို့နယ်၌ အခြေခံမွေးမြူရေး ပညာပေးသင်တန်း ဖွင့်လှစ်

ရေး မေ ၂၀

မွန်ပြည်နယ် ရေးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက အခြေခံမွေးမြူရေးပညာပေးသင်တန်းကို မေ ၁၈ ရက်က အဆိုပါဦးစီးဌာနရုံး၌ ဖွင့်လှစ်ပို့ချသည်။

ဦးစွာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာသန်းထွဋ်အောင်က တစ်ပိုင်တစ်နိုင် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းမှသည် ပိုမိုအောင်မြင်သော စီးပွားရေးလုပ်ငန်းများဖြစ်လာစေရန်နှင့် ပို့ချပေးသည့်ဘာသာရပ်များကို လက်တွေ့နယ်ပယ်တွင် အကျိုးရှိထိရောက်စွာ ပြန်လည်အသုံးချရန် လိုအပ်ကြောင်း အမှာစကားပြောကြားသည်။

သင်တန်းတွင် တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာများ၊ ပဋိဇီဝဆေးယဉ်ပါးမှုလျှော့ချရေး၊ ကောင်းမွန်သောတိရစ္ဆာန်မွေးမြူရေးကျင့်စဉ်များ၊ ဇီဝလုံခြုံမှုဆိုင်ရာနည်းလမ်းများနှင့် တိရစ္ဆာန်မွေးမြူရေးဆိုင်ရာဘာသာရပ်တို့ကို သင်တန်းသား သင်တန်းသူ ၁၅ ဦးတို့အား မေ ၁၈ ရက်မှ ၁၉ ရက်အထိ ဆွေးနွေးပို့ချပေးခဲ့ကြောင်း သိရသည်။

**ရှင်းသန့်ဖြူ**



ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် အူကျွန်းကျေးရွာ အထက (ခွဲ)၌ မေ ၂၀ ရက်က မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းညွှန့်က ကျေးရွာပြည်သူများအား လူကုန်ကူးမှုဖြစ်စဉ်များ၊ လူကုန်ကူးခံရခြင်း၏ အကျိုးဆက်များ၊ လူကုန်ကူးမှုနှင့်ပတ်သက်သည့် ပြစ်မှု/ ပြစ်ဒဏ်များ၊ လူသတ်မှု၊ မုဒိန်းမှုအကြောင်းအရာနှင့် ပြစ်မှု/ ပြစ်ဒဏ်များ၊ မှုခင်းဖြစ်စဉ်များကို ရှင်းလင်းဟောပြောစဉ်။

လွှမ်းသီဟ(ပြန်/ဆက်)

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

နေပြည်တော် မေ ၂၀

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် မိုးဖြိုဒေသတစ်ဝိုက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးဖြိုမြို့ရှိ နယ်မြေခံတပ်ရင်း၌လည်းကောင်း၊ ကယားပြည်နယ်အတွင်း ဒေသတစ်ဝိုက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့ရှိ နယ်မြေခံတပ်ရင်း၌လည်းကောင်း ယနေ့တွင် အသီးသီးကျင်းပပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တို့မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများ ပါဝင်တက်ရောက်ဂုဏ်ပြုကြိုဆိုကြသည်။



တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များ၊ ဂုဏ်ပြုပန်းကုံးများဖြင့် လည်းကောင်း၊ အိုးစည်ဒိုးပတ် အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြပြီး အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ရမည်းသင်းမြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်

ရမည်းသင်း မေ ၂၀

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၏ ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်ပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံး သင်းရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိန်မြင့်က အမှာစကားပြောကြားပြီး ခရိုင်ဘဏ်ခွဲမန်နေဂျာ ဒေါ်အေးမီမီခန့်က တောင်သူများအား ချေးငွေစည်းကမ်းသတ်မှတ်ချက်များကို ဆွေးနွေးပြောကြားကာ နန်းလုံကျေးရွာအုပ်စုအတွင်းရှိ တောင်သူ ၂၁၃ ဦးတို့အား ပဲတီစိမ်းဧက ၁၃၄၉ ဧကအတွက် ချေးငွေကျပ် ၃၃၇၂ ဒသမ ၅၀ သိန်းအား ထုတ်ချေးပေးခဲ့ကြောင်းသိရသည်။



ခရိုင်(ပြန်/ဆက်)



## တာမွေမြို့နယ်၌ အထူးကုဆရာဝန်ကြီးများ ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်

တာမွေ မေ ၂၀

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ ယမန်နေ့က ရန်ကုန်ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးအောင်လင်းအေး၏ ဦးဆောင်မှုဖြင့် ဗဟိုအဆင့်ဆေးရုံကြီးများ ပူးပေါင်း၍ ပြည်သူ ၈၀၀ ကျော်အား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ ကွင်းဆင်းကုသဆောင်ရွက်ပေးရာတွင် တာမွေမြို့နယ်အပါအဝင် နီးစပ်ရာမြို့နယ်များမှ ပြည်သူ ၈၂၉ ဦး လာရောက်ပြသခဲ့ရာ စုစုပေါင်းကုသမှု ၁၈၁၃ ဦး ရောဂါလာရောက် စစ်ဆေးကုသမှုများ ခံယူကြသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဇိုလ်ငွေနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

နိုင်လင်းအောင်(ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့၌ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံနိုင်ရေးကို မေ ၁၉ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအရှေ့နှင့် ရှော့လီပိုင်းရပ်ကွက်၊ ရွှေဘုံသာရပ် လမ်းဆုံတို့တွင် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များဖြင့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေစဉ်။

မြို့နယ်(ပြန်/ဆက်)

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ "နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့" အသိပညာပေးနှိုးဆော်ခြင်းကို မေ ၂၀ ရက် နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်များတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအဏ္ဏဝါအောင်နှင့် တာဝန်ရှိသူများက အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေကြစဉ်။

ခင်ခင်မာ(ပြန်/ဆက်)



## ပန်းတနော်မြို့နယ်၌ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံသင်တန်းဖွင့်လှစ်

ပန်းတနော် မေ ၂၀

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၁၈ ရက်က သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံသင်တန်း (၁/၂၀၂၆)ကို ဖွင့်လှစ်သည်။

ဦးစွာ ပန်းတနော်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးမောင်မောင်ဦးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် မီးငြိမ်းသတ်ရေးလုပ်ငန်းစဉ်များ၊ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များကို သင်တန်းသား ၃၀ အား ငါးရက်ကြာသင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

ဟိန်းကိုအောင်

## ပုသိမ်မြို့၌ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံသင်တန်းဖွင့်

ပုသိမ် မေ ၂၀

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မီးသတ်ဦးစီးရုံး၌ မေ ၁၈ ရက် နံနက်ပိုင်းက သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံသင်တန်း (၁/၂၀၂၆) ကို ဖွင့်လှစ်သည်။

ဦးစွာ တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်ဆွေဝင်းက အမှာစကားပြောကြားသည်။ သင်တန်းတွင် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများသာမက စက်ရုံ၊ အလုပ်ရုံ၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းလုပ်ငန်းဌာနများ မီးဘေးစိုးရိမ်ရသော လုပ်ငန်းများတွင် မီးငြိမ်းသတ်ရေးလုပ်ငန်းစဉ်များ၊ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များကို စာတွေ့လက်တွေ့ ငါးရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

မင်းထက်သာ

## အိမ်မဲမြို့နယ်၌ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံသင်တန်း ဖွင့်လှစ်

အိမ်မဲ မေ ၂၀

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် မီးသတ်ဦးစီးမှူးရုံးအစည်းအဝေးခန်းမတွင် မေ ၁၈ ရက် နံနက်ပိုင်းက သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံသင်တန်း (၁/၂၀၂၆) ကို ဖွင့်လှစ်သည်။

ဦးစွာ အိမ်မဲမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်ကိုကိုဦးက အမှာစကားပြောကြားပြီး မြို့နယ် မီးသတ်ဦးစီးအရာရှိ ဦးဝေယံစိုးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် မီးငြိမ်းသတ်ရေးလုပ်ငန်းစဉ်များ၊ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များကို စာတွေ့လက်တွေ့ ငါးရက်ကြာ သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

မိုးဟိန်းထက်

# ၂၀၂၆ ခုနှစ် မေလ ၁၉ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car- (AQMS Mobile Car)၊ Compact Air Quality Monitoring Station- (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$) ၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆) မျိုးကို (၂၄) နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီး အတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ် ရှိသော အမှုန် အမွှားများ | ၁၀ မိုက်ခရွန် အရွယ် ရှိသော အမှုန် အမွှားများ | ဆာလဖာဒိုင် အောက် ဆိုဒ် | နိုက် ထရိုဂျင် ဒိုင်အောက် ဆိုဒ် | အိုဇုန်း | ကာဗွန် မိုနောက် ဆိုဒ် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

### လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှု အခြေအနေ၊ မော်တော်ယာဉ် အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ အနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေး ရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## မော်လမြိုင်မြို့နယ်၌ စားသောက်ဆိုင်လုပ်ငန်းရှင်များအား အခွန်ဆိုင်ရာပညာပေးဆွေးနွေး



**မော်လမြိုင် မေ ၂၀**

ပြည်တွင်းအခွန်များ ဦးစီးဌာနက မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ စားသောက်ဆိုင်/ KTV လုပ်ငန်းရှင်များအား အခွန်ဆိုင်ရာပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းက မော်လမြိုင်မြို့ Royal Hinthar Hotel ခန်းမ၌ ကျင်းပသည်။

ဦးစွာ မွန်ပြည်နယ် စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး နိုင်လယ်ပိတမက စားသောက်ဆိုင်/ KTV လုပ်ငန်းရှင်များအနေဖြင့် ပြေစာအမှတ်တံဆိပ်အသုံးပြုပြီး ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံခြင်းကို တည်ဆဲအခွန်ဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းအခွန်များ ဦးစီးဌာနက သတ်မှတ်ထားသည့် အသိပေးကြေညာချက်ဗီနိုင်းများကို မိမိတို့လုပ်ငန်း၏ မြင်သာသည့်နေရာတွင် ချိတ်ဆွဲထားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်အခွန်ဦးစီးဌာနမှူး ဦးဂျွန်စိန်ဂီက စားသောက်ဆိုင်/KTV လုပ်ငန်းများတွင် ပြေစာအမှတ်တံဆိပ် အသုံးပြုပြီး ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံခြင်းနှင့်စပ်လျဉ်း၍ ပြေစာများအပေါ်၌ အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာအား အသေးစိတ်ရှင်းလင်း ဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့် လုပ်ငန်းရှင်များက သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**



ရောဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် မီးသတ်ဦးစီးဌာန ရှားခဲနယ်မြေမီးသတ်စခန်းမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးကျော်လင်းထက်ဦးဆောင်သော တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ ဓာတ်မြေဩဇာလုပ်ငန်းများအား မီးဘေးလုံခြုံရေး အသိပညာပေးခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်းကို မေ ၂၀ ရက်က ဆောင်ရွက်စဉ်။

နေဝင်းမြင့်(ပြန်/ဆက်)



ရောဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းရောမင်းထိုက်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းသန်းစိုး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးပြည့်ဖြိုးလှိုင်၊ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများ ပါဝင်သည့် ပူးပေါင်းအဖွဲ့များဖြင့် မေ ၁၈ ရက်က မီးဘေးလုံခြုံရေးကွင်းဆင်းစစ်ဆေးစဉ်။

မိုးဟိန်းထက်



မွန်ပြည်နယ် ပေါင်မြို့နယ်၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းအပ်နှံနိုင်ရေး နှိုးဆော်ခြင်း လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို မေ ၁၉ ရက်က ကဒါရပ်ကွက် မင်္ဂလာဈေး၌ ပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်ဦးစီးမှူး ဒေါ်ကေသီစိုးနှင့် ဝန်ထမ်းများ၊ မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်အေးနှင့် ဆရာ ဆရာမများ၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက လက်ကမ်းစာစောင် ၅၀၀ အခမဲ့ဖြန့်ဝေပေးစဉ်။

မွန်မလေး(ပြန်/ဆက်)

❒ **အာဆင်နယ်အသင်းမှ**

နာကျင်အချိန်ပို ငါးမိနစ်မှာ တိုက်စစ်မှူးဟာလန်းက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ဘုန်းမောက်အသင်းနဲ့ မန်စီးတီးအသင်းတို့ပွဲစဉ်မှာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့တာကြောင့် ပရီမီယာလိဂ်အမှတ်ပေးဇယားဒုတိယနေရာမှာ ရပ်တည်နေတဲ့ မန်စီးတီးအသင်းဟာ ရမှတ် ၇၈ မှတ်သာ စုဆောင်းနိုင်ခဲ့ပြီး အမှတ်ပေးဇယားထိပ်မှာ ဦးဆောင်နေတဲ့ အာဆင်နယ်အသင်းက ရမှတ် ၈၂ မှတ်ရရှိထားတာဖြစ်လို့ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီမှာ ပရီမီယာလိဂ်ဖလားကို လက်ကျန်တစ်ပွဲအလိုမှာ ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ ပရီမီယာလိဂ်နောက်ဆုံးပွဲစဉ်အဖြစ် ခရစ္စတယ်ပဲလေ့စ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး အဲဒီပွဲစဉ်မတိုင်မီ ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ ယခုဘောလုံးရာသီမှာ ကာရာဘောင်ဖလားနဲ့ အက်ဖ်အေဖလားအပါအဝင် ပရီမီယာလိဂ်ဖလားကိုပါ ဆွတ်ခူးနိုင်ဖို့ မျှော်လင့်ထားတာဖြစ်ပေမယ့် ပြည်တွင်းဖလားနှစ်လုံးကိုသာ ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။

အာဆင်နယ်အသင်းအနေနဲ့ ယခုလို ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဟာ ၂၀၀၄ ခုနှစ်နောက်ပိုင်းနဲ့ နည်းပြအာတီတာလက်ထက် ပထမဆုံးအကြိမ်ပရီမီယာလိဂ်ဖလားဆွတ်ခူးနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

ငွေကြယ်



ကရင်ပြည်နယ် ကမမောင်းမြို့တွင် မေ ၁၉ ရက် နံနက် ၉ နာရီက ဖာပွန်ခရိုင်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်အောင်နှင့် ကမမောင်းမြို့စည်ပင်သာယာရေး အဖွဲ့တို့ ပူးပေါင်း၍ ဈေးတာဝန်ခံ၊ ဈေးသူဈေးသားများနှင့်အတူ သံလွင်ဦး မြို့မဈေး၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သဏ္ဍာန်တူ ဓာတ်တိုက်လေ့ကျင့်မှု သရုပ်ပြစဉ်။ ကမမောင်း (ပြန်/ဆက်)

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
မြန်မာ့သစ်လုပ်ငန်း
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

မြန်မာ့သစ်လုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ (Open Tender) ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | Nucleic Acid Isolation System | ၁ မျိုး |
| ၂။ | Wheel Loader | ၁ မျိုး |
| ၃။ | ရုံးသုံးစက်ကိရိယာများ | ၁၀ မျိုး |

တင်ဒါရောင်းချမည့်ရက် - ၂၁.၅.၂၀၂၆/ နံနက် ၁၀:၀၀ နာရီ
တင်ဒါပိတ်မည့်ရက် - ၅.၆.၂၀၂၆/ နေ့လယ် ၁၅:၀၀ နာရီ
တင်ဒါရောင်းချမည့်နေရာ - အင်ဂျင်နီယာဌာန၊ မြန်မာ့သစ်လုပ်ငန်း

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
အမှတ်၇၄/၇၆၊ ရွှေတိဂုံဘုရားလမ်း ၊ ရန်ကုန်မြို့၊
ဖုန်း ၀၁-၈၂၅၄၁၉၁၊ ၀၉-၅၃၄၁၆၀၅၊ ၀၉-၅၁၁၈၉၂၅

## "ကုန်အမှတ်တံဆိပ် အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ကျောက်မြောင်း၊ စိတ္တသုခလမ်း၊ အမှတ်(၆၄/ဘီ)နေ ဦးဇော်မင်းအောင် [၇/ဝမန(နိုင်) ၀၉၈၄၇၅]သည် အောက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနတွင် လျှောက်ထားခဲ့ရာ Filing Date –(11–06–2025), Application Number– Mark MM/T/2025/002388 ဖြင့် လျှောက်ထားချက်အား လက်ခံထားပြီးဖြစ်ပါသည်–

**သစ်ဆန်း (ကိုမောင်ဇော်)**
**စိန်၊ ရွှေ၊ ရတနာအရောင်းတင်လုပ်ငန်း နှင့်**
**လေဆာဂဟေဆော်၊ လေဆာစာလုံးထိုး**

**Application Number–T/2025/002388**

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ဖြင့် "စိန်၊ ရွှေ၊ ရတနာအရောင်းတင်လုပ်ငန်းနှင့် လေဆာဂဟေဆော်၊ လေဆာစာလုံးထိုး"ဆိုင်များ၊ စိန်ထည်အမျိုးမျိုး၊ ရွှေအစရှိသည့် လက်ဝတ်ရတနာထည်များအား ဖန်တီးရောင်းချသည့်ဆိုင်များနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများကို ရန်ကုန်မြို့ အပါအဝင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖွင့်လှစ်လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့ပြင်ယခုလက်ရှိ ဖွင့်လှစ်လုပ်ကိုင်နေသည့်ဆိုင်တိုင်းတွင်လည်း မိမိ၏ကုန်အမှတ်တံဆိပ်အဖြစ် အသုံးပြုလျက်ရှိပါသည်။

အဆိုပါ ကုန်အမှတ်တံဆိပ်အား အခြားမည်သူတစ်ဦးတစ်ယောက်မျှ ထပ်တူဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အမည်စာသားပုံစံတူ၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုမှား ပြုလုပ်သုံးစွဲခြင်း မပြုရန်သတိပေးတားမြစ်ပါသည်။ မိုငြမ်းတုပပြီး အသုံးပြုမည်ဆိုပါက တည်ဆဲဥပဒေများအရ လိုအပ်သလို တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အိအိခိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၈၉၁၂)**

| | |
|---|---|
| **ဒေါ်တင်အိခိုင်** | **ဦးသူရထွန်း** |
| **(LL.B, D.B.L, D.I.P.L)** | **(LL.B, D.B.L)** |
| **အထက်တန်းရှေ့နေ(စဉ်– ၄၃၆၀၁)** | **အထက်တန်းရှေ့နေ (စဉ်– ၅၅၈၃၂)** |

**အမှတ်(၅၆၅/က)၊ မာန်အောင်လမ်း၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉-၄၅၆၃၃၅၃၅၃၊ ၀၉-၇၅၀၃၉၈၄၃၈**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အကွက်အမှတ်(၇၉၈)၊ ဦးပိုင်အမှတ်– ၁/၂၅ လမ်း၊ ၆၂x၆၃ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်၊ ဒေါ်နန်းရွှေပွင့်တို့ (၂)ဦးအနက် ခင်ပွန်း ဦးအောင် ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၆၃၅/၂၀၂၆) ဖြင့် ပိုင်ဆိုင်ခဲ့သူ ဇနီး ဒေါ်နန်းရွှေပွင့်(ခ)ရွှေပွင့် [၉/မရမ(နိုင်) ၀၅၈၄၅၈] က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရောဂဏ်လမ်းမကြီး၊ အမှတ်(၆၁)ရပ်ကွက်၊ (ရောချမ်းသာ အဆင့်မြင့်ကွန်ဒို)၊ (၅)လွှာ၊ (၉/အေ)၊ အခန်းအမှတ် (၁၃၉)၊ အခန်းအကျယ်အဝန်း– ၇၁၄ စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒို တိုက်ခန်းတွင်စွဲကပ်ပစ္စည်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ထုတ်ပေးသော စုပေါင်းပိုင်အဆောက်အအုံပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးမျိုးတင့်နိုင်–ဒေါ်လွင်လွင်မာထံမှ ဝယ်ယူပိုင်ဆိုင်ထားသူ ဦးကျော်လှ [၁၃/တကန(နိုင်)၂၈၆၀၈၄]၊ ဒေါ်သင်းသီရိထက် [၁၂/စခန(နိုင်)၀၆၆၄၄၈]မှ ၎င်းလက်ဝယ်ရှိ တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ဇာနိုင် [၅/ဆလက(နိုင်) ၀၅၁၆၁၃]မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ ကွန်ဒိုတိုက်ခန်းအား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှ (၁၀)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများယူဆောင်လာပြီး ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်အိမွန်သော် (LL.B, LL.M)** | **ဒေါ်ဖြူစံပယ်သင်း (LL.B, LL.M)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၃၇၀)** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၃၂၉)** |

**အမှတ်– ၁၂၉၊ ရွှေယင်းမာလမ်း၊ ၁၃ ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ၀၉–၇၉၉၂၉၈၂၈၇၊ ၀၉–၅၀၂၁၃၂၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၉–ရပ်ကွက်၊ ကျော်သူ(၁၈)လမ်း၊ အမှတ် (၇၂၀) ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ပဥ္စမထပ်၊ ၆–လွှာ၊ တိုက်ကိုမျက်နှာမူလျှင် (ဘယ်ဘက်ခြမ်း)၊ အကျယ်အဝန်း (၁၉x၅၄)ပေရှိ တိုက်ခန်းနှင့် အသင့်တပ်ဆင်ပြီးဖြစ်သည့် ရေမော်တာ၊ လျှပ်စစ်မီတာအပါအဝင် အဆိုပါတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးကျော်သီဟ [၁၃/မရန(နိုင်) ၀၄၁၉၁၄]မှ ၎င်းတရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံလျက် အပြီးအပိုင်လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ ဒေါ်ခင်မြန်မာကျော်ဇော [၁၂/ဗတထ(နိုင်) ၀၄၀၄၁၃]နှင့် ဒေါ်ခိုင်မွန်ဦး [၁၂/ကမရ(နိုင်) ၀၅၆၈၀၇]တို့မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ အဆိုပါတိုက်ခန်းနှင့်ပတ်သက်သည့် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇေယျာထွန်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်– ၂၈၄၆၉)**
**အမှတ် (၁၀၉၀)၊ ၁၆–လမ်း၊ ၄ – ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း– ၀၉–၅၀၇၉၆၀၂**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## တရားမကျင့်ထုံးဥပဒေအမိန့်– ၅၊ နည်းဥပဒေ– ၂၀
## အင်းစိန်ခရိုင်တရားရုံး
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၇၆

| | | |
|---|---|---|
| ဒေါ်ချိုချိုဝင်း | နှင့် | ၁။ ဦးသန်းလွင်<br>၂။ ဦးလှငွေ |
| **(တရားလို)** | | **(တရားပြိုင်)** |

ဦးလှငွေ၊ အမှတ် (၄၄၈/ခ)၊ နတ်မောက်လမ်း၊ (၁၀)ရပ်ကွက်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"မြေနှင့်အိမ်အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု"** လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဇွန် (၈)ရက် (၁၃၈၈ ခုနှစ်၊ နယုန်လဆုတ် ၉ ရက်)နေ့ နေ့မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်၊ ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ မေလ ၁၈ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇေယျာဦး)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**အင်းစိန်ခရိုင်တရားရုံး**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (စ)ရပ်ကွက်၊ သုနန္ဒာ (၄)လမ်း၊ အမှတ်(၄၅)နေ ဦးသန်းရွှေ [၁၂/ဥကမ(နိုင်)၀၆၆၀၀၉]၏ ဖခင်အမည်မှန်မှာ ဦးအဒိန် ဖြစ်ပါကြောင်း။

**ဦးအဒိန်**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မရွှေစင်လင်း (ဘ) ဦးကံရာဇာ [၉/မကန (နိုင်) ၁၇၁၇၇၃] ကိုင်ဆောင်သူ၏ Passport Number (မမှတ်မိ) စာအုပ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း– ၀၉–၄၀၂၅၃၁၆၇၇**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ဒေါ်တင်စိန် (ဘ) ဦးကျော်ဇော [၉/မကန (နိုင်) ၀၁၄၆၀၉] ကိုင်ဆောင်သူ၏ Passport Number (မမှတ်မိ) စာအုပ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၀၂၅၃၁၆၇၇**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ဒေါ်သင်းမမဦး (ဘ) ဦးနေဦး [၉/မကန (နိုင်) ၀၆၄၅၅၇] ကိုင်ဆောင်သူ၏ Passport Number (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၀၂၅၃၁၆၇၇**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ဒေါ်ချောမဦး (ဘ) ဦးနေဦး [၉/မကန (နိုင်) ၁၀၃၀၀၆] ကိုင်ဆောင်သူ၏ Passport Number (မမှတ်မိ) စာအုပ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၀၂၅၃၁၆၇၇**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (စံပြ ဖ.ဆ.ပ.လ) ရပ်ကွက်၊ The Atrium Condo အိမ်ရာ၊ တိုက်(၁၇–အေ)၊ အခန်း (I–07)၏ အမည်ပေါက် ဒေါ်ယဉ်မျိုးသွယ် [၁၂/လသန (နိုင်) ၀၂၂၁၃၀]ထံမှ ဒေါ်ယုဇနမော် [၁၂/ပဇတ (နိုင်) ၀၄၁၆၂၈]က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့် စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာ**
**ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်၊ ၀၆၇–၃၄၀၇၅၄၇**

## တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် ကျောင်းအမည် ပြောင်းလဲခေါ်ဆိုပါရန်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၂)ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ အမှတ် (၂၈၁)နေ ဦးလမင်းသူနှင့် ဒေါ်စိုးသန္တာတို့၏သား နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၂/သဃက(နိုင်) ၂၂၅၇၈၄] ကိုင်ဆောင်သူ၏ အိမ်ထောင်စုလူဦးရေစာရင်း၊ မြန်မာနိုင်ငံကူးလက်မှတ်၊ မွေးစာရင်းလက်မှတ်တို့တွင်ပါရှိသည့်အမည် မောင်ရိန်းနှင့် သဃ်္ဃန်းကျွန်းမြို့နယ်တွင် ဖွင့်လှစ်ထားသော အမှေအိမ်ကိုယ်ပိုင်အထက်တန်းကျောင်းတွင် တက်ရောက်ပညာသင်ကြားနေပြီး ကျောင်းမှထုတ်ပေးသည့် ကျောင်းသားကတ်တွင်ပါရှိသော အမည် မောင်ရဲရင့်မင်းခန့်တို့မှာ ကျွန်ုပ်မိတ်ဆွေများ၏ သားအမည်များသာဖြစ်ကြောင်းနှင့် အမေ့အိမ်ကိုယ်ပိုင်အထက်တန်းကျောင်း ပဥ္စမတန်းတွင် ပညာသင်ကြားနေသည့် မောင်ရဲရင့်မင်းခန့်အား ယနေ့မှစ၍ မောင်ရိန်းဟု ပြောင်းလဲ ခေါ်ဆိုပေးပါရန်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်နှင်းဝေအောင် (LL.B, D.B.L, D.M.L)**
**DL 101, WIPO (Switzerland), D.A.Psy**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၀၉၃၈)**
**အမှတ်–၈၃၊ အခန်း– ၁၄(အေ)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း– ၀၉–၄၃၀၁၁၁၁၀၉**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ်(၅)လမ်း၊ အပိုင်း–၄၊ အမှတ်– ၅၀၈၊ (၂)ခန်းတွဲ (၆)ထပ်တိုက်၏ စတုတ္ထထပ် (၅)လွှာ၊ ခေါင်းရင်း၊ (၁၂.၆ပေx၅၀ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချခွင့်ရှိပြီး ရောင်းချလိုကြောင်း ဒေါ်ရီရီဝင်း [၁၂/လကန(နိုင်)၀၀၂၁၈၄]က ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အိဖြူခိုင် [၁၂/ဥကမ(နိုင်)၂၂၆၀၀၇]က ဝယ်ယူရန် သဘောတူလက်ခံ၍ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်အိဖြူခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးမြတ်ဝေချို [B.A (Law), LL.B]**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၆၁၅၀)**
**အမှတ်–၇၀၂(မြေညီ)၊ ကျော်သူ(၁၆)လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း – ၀၉–၂၅၄၃၄၅၇၄၆၊ ၀၉–၉၇၁၈၁၁၉၈၁**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတော(တောင်)ရပ်ကွက်၊ အောင်သပြေလမ်း၊ အမှတ်– ၁၄၊ (၂)ခန်းတွဲ (၈)ထပ် အဆောက်အဦ၏ ပဥ္စမထပ်၊ (၆)လွှာ၊ ခေါင်းရင်းခန်းတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချခွင့်ရှိပြီး ရောင်းချလိုကြောင်း ဒေါ်သိန်းသိန်းအေး [၁၂/စခန(နိုင်) ၀၃၂၈၇၅]က ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးကျော်လင်းဟန် [၁၂/မရက(နိုင်) ၁၂၈၂၀၅]နှင့် ဒေါ်ခိုင်ခိုင်ထွန်း [၁၂/အစန(နိုင်)၁၈၇၇၅၁]တို့က ဝယ်ယူရန် သဘောတူလက်ခံ၍ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးကျော်လင်းဟန် နှင့် ဒေါ်ခိုင်ခိုင်ထွန်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးမြတ်ဝေချို [B.A (Law), LL.B]**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၆၁၅၀)**
**အမှတ်– ၇၀၂ (မြေညီ)၊ ကျော်သူ (၁၆)လမ်း၊ (၉)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၂၅၄၃၄၅၇၄၆၊ ၀၉–၉၇၁၈၁၁၉၈၁**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃)၊ မြေကွက်အမှတ်–၃၉၊ ဧရိယာ (၀.၂၂၀)ဧကရှိသော နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ စိုက်မွေး (၁)ရပ်ကွက်၊ ဦးစလမ်း၊ အမှတ်–၃/၂/၂ ဟုခေါ်တွင်သောအဆောက်အဦအပါအဝင် ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ဝယ်ယူပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသည့် ဦးခင်ထွန်း [၁၂/ကတတ(နိုင်) ၀၂၈၂၈၈] ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ ရောင်းချသောတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်၍ အဆိုပါ အရောင်းအဝယ်ပြုလုပ်သော မြေ၊ အဆောက်အဦတို့နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစိန်ဝင်း (B.A, H.G.P, C.B.L, D.B.L, D.M.L)**
**အထက်တန်းရှေ့နေ (စဉ်– ၆၀၈၂/၈၂)**
**တိုက်အမှတ်– ၃(အေ)၊ ၃–လွှာ(ခေါင်းရင်းခန်း)၊ သပြေညိုလမ်း၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉–၇၈၇၉၂၇၁၉၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်– ၁၅/တပင်ရွှေထီးရပ်၊ တပင်ရွှေထီးရပ်ကွက်ရှိ ဒုတပ်ကြပ် မျိုးသန်း (ကိုယ်ပိုင်အမှတ်၊ ၉၆၁၂၄၃)၊ မှတ်ပုံတင်အမှတ် [၉/ပမန(နိုင်) ၂၃၂၄၆၂]၊ အဖအမည် ဦးခလေးပု အမည်ပေါက် ပါမစ်မြေကွက်အမှတ်– ပစ(င)၄၈၁၆ အမည်ပေါက် (ကွယ်လွန်)၏ တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်ခင်သိန်းမြင့် မှတ်ပုံတင်အမှတ် [၉/ဒခသ(နိုင်) ၀၀၈၃၅၈]၊ အဖအမည် ဦးမြင့်ဆွေမှ တရားဝင်အမွေခံဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ ဒုတပ်ကြပ်မျိုးသန်း သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိအဆောက်အဦပုံများတင်ပြပြီး ၎င်းအမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်– ၈/ပုဗ္ဗသီရိရပ်၊ လူနေရပ်ကွက်အမှတ်– ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ(၀.၀၅၅)ဧကရှိ မြေကွက်အမှတ်(ပ–၃၁၅၅၁)၏ နှစ်(၃၀) မြေငှားစာချုပ်မူရင်းပျောက်ဆုံးသွားသဖြင့် မြေငှားစာချုပ်မိတ္တူမှန် ထုတ်ပေးပါရန် မြေကွက်အမည်ပေါက် ဦးလှဒင် (ဘ) ဦးထွန်းအောင် [၉/ပမန(နိုင်)၀၆၂၄၄၃]မှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်–၅၃၆/၂၀၂၀ (၁၈–၃–၂၀၂၀)ဖြင့် အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်နန်းလှနှင်းခိုင် (ဘ) ဦးခမ်းထွန်း၊ [၁၃/ပလန(နိုင်)၀၀၀၂၈၂]မှ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း(မိတ္တူ)၊ မြေငှားစာချုပ်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်(မူရင်း)၊ မြေငှားစာချုပ်စာအုပ်(မိတ္တူ)၊ အထူးကိုယ်စားလှယ်လွှဲစာ(မိတ္တူမှန်)၊ မြေငှားရမ်းခပြေစာ၊ ရပ်ကွက်နှင့်ရဲစခန်းထောက်ခံချက်တို့ တင်ပြ၍လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၃၀)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်(မိတ္တူမှန်) လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ တိုက်(B)၊ အခန်း (၈၀၂)၏ အမည်ပေါက် ဦးစိုးတင် [၁၂/သလန(နိုင်)၀၃၀၅၅၄]ထံမှ ဦးဇာနီလင်း [၁၂/ပဇတ(နိုင်) ၀၃၁၃၃၇]က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့် စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာ**
**ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်၊ ၀၆၇–၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၈)၊ မြေကွက်အမှတ်(၄၃၆)** ဟုခေါ်တွင်သော **မြေအကျယ်အဝန်း အလျား (၄၀)ပေx အနံ (၆၀)ပေရှိ ဒေါ်ကြည်ကြည်ဝင်း အမည်ပေါက် ပါမစ်မြေအမျိုးအစား** မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေအမည်ပေါက်ဖြစ်သူထံမှ အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူခဲ့သူ **ဒေါ်သန္တာလှိုင် [၅/မရန(နိုင်)၁၉၂၅၈၆]**က မိမိမှ လက်ရှိထားပိုင်ဆိုင်ကာ အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံပြီး ပြန်လည်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော **ဦးကျော်မင်းထက် [၉/ကဆန(နိုင်)၁၅၀၇၀၁]နှင့် ဦးသန်းဆွေမြင့် [၉/ကဆန(နိုင်) ၁၃၆၀၆၁]**တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သီတာအေး (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၁၅၀၇)**
**အမှတ်(၁၆၇)၊ ရော(၉)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ၀၉–၅၀၄၀၆၉၄ ၊ ၀၉–၇၆၅၀၄၀၆၉၄**

# သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
## ၂၀၁၆-၂၀၁၇ ပညာသင်နှစ်၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများအတွက် သင်တန်းသားသစ်များခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းနှင့် အစိုးရ နည်းပညာအထက်တန်းကျောင်းတို့တွင် လျှောက်ထားနိုင်ပါသည်။

**အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများ**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ်/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | | ဖွင့်လှစ်မည့်ကျောင်းများ | | |
|---|---|---|---|---|---|
| ၁။ | ကချင်ပြည်နယ် | (၁) | အထက(၂)မိုးညှင်း | | |
| ၂။ | ကရင်ပြည်နယ် | (၂) | အထက(၂)ကော့ကရိတ် | (၃) | အထက(၂)မြဝတီ |
| ၃။ | ချင်းပြည်နယ် | (၄) | အထက(၂)ဟားခါး | (၅) | အထက(၁)တီးတိန် |
| ၄။ | စစ်ကိုင်းတိုင်းဒေသကြီး | (၆) | အထက(၁)ရွှေဘို | (၈) | အထက(၁)ကလေး |
| | | (၇) | အထက-အုန်းတော | | |
| ၅။ | တနင်္သာရီတိုင်းဒေသကြီး | (၉) | အထက-အောက်လိပ် | | |
| ၆။ | ပဲခူးတိုင်းဒေသကြီး | (၁၀) | အထက-အုန်းနှဲ | (၁၂) | အထက-အေးမြသာယာ |
| | | (၁၁) | အထက-ပဲနွယ်ကုန်း | (၁၃) | အထက-သဲကုန်း |
| ၇။ | မကွေးတိုင်းဒေသကြီး | (၁၄) | အထက-စကု | (၁၆) | အထက(၁)သရက် |
| | | (၁၅) | အထက-ပြလို့ | (၁၇) | အထက-ငွေးချို |
| ၈။ | မန္တလေးတိုင်းဒေသကြီး | (၁၈) | အထက(၁)ပျော်ဘွယ် | (၂၁) | အထက-တံတားဦး |
| | | (၁၉) | အထက-လက်ပံပြား | (၂၂) | အထက(ခွဲ)လ-၁(ပြင်ဦးလွင်) |
| | | (၂၀) | အထက-ပလစ(၂)(အမရပူရ) | | |
| ၉။ | မွန်ပြည်နယ် | (၂၃) | အထက-ဟံဂံ | (၂၅) | အထက(၂)ကျိုက်ထို |
| | | (၂၄) | အထက(၁)သထုံ | | |
| ၁၀။ | ရခိုင်ပြည်နယ် | (၂၆) | အထက(၃)ကျောက်ဖြူ | | |
| ၁၁။ | ရန်ကုန်တိုင်းဒေသကြီး | (၂၇) | အထက-စိုက်မွေး | (၃၂) | အထက-သုဝဏ္ဏ |
| | | (၂၈) | အထက-ညောင်နှစ်ပင် | (၃၃) | အထက(၂)သာကေတ |
| | | (၂၉) | အထက-ငါးဆူတောင် | (၃၄) | အထက-ဖားကူး(သန်လျင်) |
| | | (၃၀) | အထက-တိုက်ကြီး | (၃၅) | အထက(၆)မြောက်ဥက္ကလာ |
| | | (၃၁) | အထက(၄)မင်္ဂလာဒုံ | | |
| ၁၂။ | ရှမ်းပြည်နယ်(တောင်) | (၃၆) | အထက(ခွဲ)လေတပ် (နမ့်စန်-တ) | (၃၈) | အထက(၇)အင်းခေါင်း |
| | | (၃၇) | အထက-ဝမ်ဟတ် | (၃၉) | အထက-မိုင်းနောင် |
| ၁၃။ | ရှမ်းပြည်နယ်(မြောက်) | (၄၀) | အထက(၁)လားရှိုး | (၄၁) | အထက(၃)ကျောက်မဲ |
| ၁၄။ | ရှမ်းပြည်နယ်(ရှေ့) | (၄၂) | အထက-တပ်တွင်း (မိုင်းယောင်း) | (၄၄) | အထက-နားကောင်းမူး(မိုင်းတုံ) |
| | | (၄၃) | အထက(ခွဲ)(မိုင်းဆတ်) | (၄၅) | အထက-မိုင်းကိုး |
| ၁၅။ | ဧရာဝတီတိုင်းဒေသကြီး | (၄၆) | အထက(၁)ဒေးဒရဲ | (၄၉) | အထက(၂)ကျုံပျော် |
| | | (၄၇) | အထက-စကြော့ | (၅၀) | အထက-ဂုန်နီ |
| | | (၄၈) | အထက-ချင်းမြောင် | (၅၁) | အထက(၃)မိုင်(လပွတ္တာ) |
| ၁၆။ | နေပြည်တော် | (၅၂) | အထက(၂၀)ပုဗ္ဗသီရိ | (၅၄) | အထက-MRTV(တပ်ကုန်း) |
| | | (၅၃) | အထက-ပျံချီ | | |
| ၁၇။ | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | | | | |
| | ပအိုဝ့် | (၅၅) | အထက(ခွဲ)ပေါင်လင်း | | |
| | ဓနု | (၅၆) | အထက-ကျိုး | | |
| | နာဂ | (၅၇) | အထက-နန်းယွန်း | | |

**အစိုးရနည်းပညာအထက်တန်းကျောင်းများ**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ်/ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ | | ဖွင့်လှစ်မည့်ကျောင်းများ | | |
|---|---|---|---|---|---|
| ၁။ | ကချင်ပြည်နယ် | (၁) | အစိုးရနည်းပညာအထက် တန်းကျောင်း(မြစ်ကြီးနား) | (၂) | အစိုးရနည်းပညာအထက်တန်းကျောင်း(ပူတာအို) |
| ၂။ | ကယားပြည်နယ် | (၃) | အစိုးရနည်းပညာအထက်တန်းကျောင်း(လွိုင်ကော်) | | |
| ၃။ | ကရင်ပြည်နယ် | (၄) | အစိုးရနည်းပညာအထက်တန်းကျောင်း(ဘားအံ) | | |
| ၄။ | စစ်ကိုင်းတိုင်းဒေသကြီး | (၅) | အစိုးရနည်းပညာအထက်တန်းကျောင်း(မုံရွာ) | (၆) | အစိုးရနည်းပညာအထက်တန်းကျောင်း(ခန္တီး) |
| ၅။ | တနင်္သာရီတိုင်းဒေသကြီး | (၇) | အစိုးရနည်းပညာအထက်တန်းကျောင်း(မြိတ်) | (၉) | အစိုးရနည်းပညာအထက်တန်းကျောင်း(ထားဝယ်) |
| | | (၈) | အစိုးရနည်းပညာအထက်တန်းကျောင်း(ကော့သောင်း) | | |
| ၆။ | ပဲခူးတိုင်းဒေသကြီး | (၁၀) | အစိုးရနည်းပညာအထက်တန်းကျောင်း(တောင်ငူ) | (၁၁) | အစိုးရနည်းပညာအထက်တန်းကျောင်း(ပြည်) |
| ၇။ | မကွေးတိုင်းဒေသကြီး | (၁၂) | အစိုးရနည်းပညာအထက်တန်းကျောင်း(မကွေး) | (၁၃) | အစိုးရနည်းပညာအထက်တန်းကျောင်း(ပခုက္ကူ) |
| ၈။ | မန္တလေးတိုင်းဒေသကြီး | (၁၄) | အစိုးရနည်းပညာအထက်တန်းကျောင်း(မိတ္ထီလာ) | (၁၆) | အစိုးရနည်းပညာအထက်တန်းကျောင်း(မန္တလေး) |
| | | (၁၅) | အစိုးရနည်းပညာအထက်တန်းကျောင်း(ကျောက်ဆည်) | (၁၇) | အစိုးရနည်းပညာအထက်တန်းကျောင်း(မြင်းခြံ) |
| ၉။ | မွန်ပြည်နယ် | (၁၈) | အစိုးရနည်းပညာအထက်တန်းကျောင်း(မော်လမြိုင်) | | |
| ၁၀။ | ရခိုင်ပြည်နယ် | (၁၉) | အစိုးရနည်းပညာအထက်တန်းကျောင်း(စစ်တွေ) | | |
| ၁၁။ | ရန်ကုန်တိုင်းဒေသကြီး | (၂၀) | အစိုးရနည်းပညာအထက်တန်းကျောင်း(လက်ခုပ်ကုန်း) | (၂၁) | အစိုးရနည်းပညာအထက်တန်းကျောင်း(ရွာမ) |
| ၁၂။ | ရှမ်းပြည်နယ်(တောင်) | (၂၂) | အစိုးရနည်းပညာအထက် တန်းကျောင်း(တောင်ကြီး) | (၂၄) | အစိုးရနည်းပညာအထက်တန်းကျောင်း(ပင်းပက်) |
| | | (၂၃) | အစိုးရနည်းပညာအထက်တန်းကျောင်း(ပင်လုံ) | | |
| ၁၃။ | ရှမ်းပြည်နယ်(ရှေ့) | (၂၅) | အစိုးရနည်းပညာအထက်တန်းကျောင်း(ကျိုင်းတုံ) | | |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | (၂၆) | အစိုးရနည်းပညာအထက်တန်းကျောင်း(ပုသိမ်) | (၂၇) | အစိုးရနည်းပညာအထက်တန်းကျောင်း(ဟသ်ာတ) |
| ၁၅။ | နေပြည်တော် | (၂၈) | အစိုးရနည်းပညာအထက်တန်းကျောင်း(နေပြည်တော်) | | |
| ၁၆။ | နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | (၂၉) | အစိုးရနည်းပညာအထက်တန်းကျောင်း(လဟယ်) | | |

အောက်ဖော်ပြပါ သင်တန်းသားသစ်များ ခေါ်ယူမည်ဖြစ်ပါသည်-

၂။ လျှောက်ထားသူသည်

(က) နည်းပညာနှင့် သက်မွေးပညာလုပ်ငန်းသဘာဝအရ ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး လက်တွေ့လုပ်ငန်းနှင့် စက်ရုံ/ကုမ္ပဏီများသို့ ကွင်းဆင်းဆောင်ရွက်နိုင်သူဖြစ်ရမည်။

(ခ) ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အခြေခံပညာအလယ်တန်းအဆင့် (Grade 9) အောင်မြင်သူ ဖြစ်ရမည်။

(ဂ) ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် အခြေခံပညာအလယ်တန်းအဆင့် (Grade 9) အောင်မြင်သူ ဖြစ်ရမည်။

(ဃ) ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အခြေခံပညာ Grade 10 အောင်မြင်သူများ (သို့မဟုတ်) ကျရှုံးသူများ (သို့မဟုတ်) ရပ်နားထားသူများ ဖြစ်ရမည်။

၃။ သင်တန်းသားရွေးချယ်ရာတွင် အပိုဒ်(၂) (ခ)၊ (ဂ)၊ (ဃ)ပါ အစီအစဉ်အလိုက် သတ်မှတ်ဦးရေပေါ် မူတည်၍ ဦးစားပေးရွေးချယ်သွားမည်ဖြစ်သည်။

၄။ (၃)နှစ်သင်တန်းတွင် အဆင့်မီဖြင့်အောင်မြင်ပါက A.G.T.I ပထမနှစ်သင်တန်းသို့လည်းကောင်း၊ အထူးအောင်ဖြင့် အောင်မြင်ပါက B.Tech ပထမနှစ်သင်တန်းနှင့် BE ပထမနှစ်သင်တန်းသို့လည်းကောင်း သက်ဆိုင်ရာကျောင်းများ၏ ဝင်ခွင့်ရွေးချယ်ရေးမူများအတိုင်း လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

၅။ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများနှင့် အစိုးရနည်းပညာအထက်တန်း ကျောင်းများသို့ တက်ရောက်ခွင့်ရရှိသော ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်မည်ဖြစ်ပြီး သင်ကြားသင်ယူမှုအတွက် လိုအပ်သည့် ပုံနှိပ်စာအုပ်များနှင့် စာရေးကိရိယာများ ပေးအပ်မည့် အစီအစဉ်ရှိပါသည်။

**ဖွင့်လှစ်မည့် သင်တန်းများ**

၆။ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများနှင့် ခရိုင်တူ အစိုးရနည်းပညာအထက် တန်းကျောင်းများတွင် အောက်ပါသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးပါမည်-

(က) အဆောက်အဦနည်းပညာသင်တန်း (Building Technology)

(ခ) လျှပ်စစ်နည်းပညာသင်တန်း (Electrical Technology)

(ဂ) စက်ပစ္စည်းအစိတ်အပိုင်းများထုတ်လုပ်ခြင်းနည်းပညာသင်တန်း (Machining Technology)

၇။ အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် အောက်ပါသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးပါမည်-

(က) အဆောက်အဦနည်းပညာသင်တန်း (Building Technology)

(ခ) အီလက်ထရောနစ်နည်းပညာသင်တန်း (Electronics Technology)

(ဂ) လျှပ်စစ်နည်းပညာသင်တန်း (Electrical Technology)

(ဃ) မော်တော်ယာဉ်နည်းပညာသင်တန်း (Automotive Technology)

(င) စက်ပစ္စည်းအစိတ်အပိုင်းများထုတ်လုပ်ခြင်းနည်းပညာသင်တန်း (Machining Technology)

(စ) အဆောက်အဦပြုပြင်ထိန်းသိမ်းမှုနည်းပညာသင်တန်း (Building Service Technology)

(ဆ) သတ္တုပစ္စည်းထုတ်လုပ်မှုနည်းပညာသင်တန်း (Metal Process Technology)

(ဇ) သုတနည်းပညာသင်တန်း (Information Technology)

၈။ ကျောင်းဝင်ခွင့်လျှောက်လွှာများကို အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် ၂၁-၅-၂၀၁၆ ရက်မှ စတင်ထုတ်ယူနိုင်ပြီး ၃၀-၅-၂၀၁၆ ရက် နောက်ဆုံးထား၍ မိမိတို့တက်ရောက်လိုသည့်ကျောင်းများသို့ လျှောက်လွှာတင်သွင်းရမည်ဖြစ်သည်။

၉။ အသေးစိတ်သိရှိလိုပါက အပိုဒ်(၁)ပါ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများ၊ အစိုးရနည်းပညာအထက်တန်းကျောင်းများနှင့် သင်တန်းရေးရာဌာနခွဲ၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဦးစီးဌာန(ရုံးချုပ်)၊ ၀၆၇- ၃၄၀၄၃၉၀၊ ၀၆၇-၃၄၀၄၁၈၂ သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ၂၀၁၆-၂၀၁၇ ပညာသင်နှစ်
## အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများအတွက် သင်တန်းသားသစ်များ ခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်၊ အောက်ဖော်ပြပါ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းတို့တွင် သင်တန်းသားသစ်များ လျှောက်ထားနိုင်ပါသည် -

**အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများ**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ်/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | | ဖွင့်လှစ်မည့်ကျောင်းများ | | |
|---|---|---|---|---|---|
| ၁။ | ကချင်ပြည်နယ် | (၁) | အထက(၂) မိုးညှင်း | (၃) | အထက-ဒုတ္တန် |
| | | (၂) | အထက(၁)ဝိုင်းမော် | | |
| ၂။ | ကယားပြည်နယ် | (၄) | အထက-ချီကယ် | | |
| ၃။ | ကရင်ပြည်နယ် | (၅) | အထက-ဒုံရင်း | (၇) | အထက(၂)မြဝတီ |
| | | (၆) | အထက(၂)ကော့ကရိတ် | | |
| ၄။ | ချင်းပြည်နယ် | (၈) | အထက(၂) ဟားခါး | (၉) | အထက(၁)တီးတိန် |
| ၅။ | စစ်ကိုင်းတိုင်းဒေသကြီး | (၁၀) | အထက (၁)ရွှေဘို | (၁၂) | အထက-အုန်းတော |
| | | (၁၁) | အထက (၂) အလုံ | (၁၃) | အထက(၁)၊ကလေး |
| ၆။ | တနင်္သာရီတိုင်းဒေသကြီး | (၁၄) | အထက(၄)ထားဝယ် | (၁၆) | အထက(၂)ကော့သောင်း |
| | | (၁၅) | အထက-သမုတ် | (၁၇) | အထက-အောက်လိပ် |
| ၇။ | ပဲခူးတိုင်းဒေသကြီး | (၁၈) | အထက-အုန်းနှဲ | (၂၁) | အထက-အေးမြသာယာ |
| | | (၁၉) | အထက-ညောင်ခြေထောက် | (၂၂) | အထက-ရွှေတောင် |
| | | (၂၀) | အထက-ပဲနွယ်ကုန်း | (၂၃) | အထက-သဲကုန်း |
| ၈။ | မကွေးတိုင်းဒေသကြီး | (၂၄) | အထက-စကု | (၂၇) | အထက(၁)သရက် |
| | | (၂၅) | အထက-ပြလို့ | (၂၈) | အထက-ငွေးချို |
| | | (၂၆) | အထက-မြေပြင်သာ | (၂၉) | အထက(၃) ပခုက္ကူ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | (၃၀) | အထက(၁)ပျော်ဘွယ် | (၃၅) | အထက-ပလစ(၂)(အမရပူရ) |
| | | (၃၁) | အထက(၆) မိတ္ထီလာ | (၃၆) | အထက-တံတားဦး |
| | | (၃၂) | အထက-လက်ပံပြား | (၃၇) | အထက(၃)မြင်းခြံ |
| | | (၃၃) | အထက-မြစ်သား | (၃၈) | အထက(ခွဲ)လ-၁ (ပြင်ဦးလွင်) |
| | | (၃၄) | အထက(၂၇) ပြည်ကြီးတံခွန် | | |
| ၁၀။ | မွန်ပြည်နယ် | (၃၉) | အထက-ဟံဂံ | (၄၁) | အထက(၂) ကျိုက်ထို |
| | | (၄၀) | အထက(၁)သထုံ | (၄၂) | အထက-ရွာလွတ်(ချောင်းဆုံ) |
| ၁၁။ | ရခိုင်ပြည်နယ် | (၄၃) | အထက(၁)စစ်တွေ | (၄၄) | အထက(၃)ကျောက်ဖြူ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | (၄၅) | အထက-စိုက်မွေး(တောင်ဒဂုံ) | (၅၁) | အထက(၄) မင်္ဂလာဒုံ |
| | | (၄၆) | အထက-သဝန်းတော | (၅၂) | အထက-သုဝဏ္ဏ |
| | | (၄၇) | အထက-ညောင်နှစ်ပင် | (၅၃) | အထက(၂) သာကေတ |
| | | (၄၈) | အထက-ငါးဆူတောင် | (၅၄) | အထက-ဖားကူး (သန်လျင်) |
| | | (၄၉) | အထက(၇) အင်းစိန် | (၅၅) | အထက(၆)မြောက်ဥက္ကလာ |
| | | (၅၀) | အထက-တိုက်ကြီး | | |
| ၁၃။ | ရှမ်းပြည်နယ်(တောင်) | (၅၆) | အထက(၁)အေးသာယာ | (၅၉) | အထက(၇) အင်းခေါင်း |
| | | (၅၇) | အထက(ခွဲ)လေတပ် (နမ့်စန်-တ) | (၆၀) | အထက(၁)ပင်လုံ |
| | | (၅၈) | အထက-ဝမ်ဟတ် | (၆၁) | အထက-မိုင်းနောင် |
| ၁၄။ | ရှမ်းပြည်နယ်(မြောက်) | (၆၂) | အထက(၁)လားရှိုး | (၆၃) | အထက(၃)ကျောက်မဲ |
| ၁၅။ | ရှမ်းပြည်နယ်(ရှေ့) | (၆၄) | အထက-ဝမ်အွယ် | (၆၇) | အထက-နားကောင်းမူး (မိုင်းတုံ) |
| | | (၆၅) | အထက-တပ်တွင်း (မိုင်းယောင်း) | (၆၈) | အထက-မိုင်းကိုး |
| | | (၆၆) | အထက(ခွဲ)(မိုင်းဆတ်) | | |
| ၁၆။ | ဧရာဝတီတိုင်းဒေသကြီး | (၆၉) | အထက(၁)ဒေးဒရဲ | (၇၃) | အထက(၂)ကျုံပျော် |
| | | (၇၀) | အထက-စကြော့ | (၇၄) | အထက-နတ်မော် (ဟသ်ာတ) |
| | | (၇၁) | အထက-ကန်ကြီးထောင့် | (၇၅) | အထက-ဂုန်နီ |
| | | (၇၂) | အထက-ချင်းမြောင် | (၇၆) | အထက (၃)မိုင် (လပွတ္တာ) |
| ၁၇။ | နေပြည်တော် | (၇၇) | အထက(၂၀)ပုဗ္ဗသီရိ | (၇၉) | အထက-ပျံချီ |
| | | (၇၈) | အထက(၁) ပျဉ်းမနား | (၈၀) | အထက-MRTV(တပ်ကုန်း) |
| ၁၈။ | **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ** | | | | |
| | ပအိုဝ့် | (၈၁) | အထက(ခွဲ) ပေါင်လင်း | | |
| | ဓနု | (၈၂) | အထက-ကျိုး | | |
| | နာဂ | (၈၃) | အထက-နန်းယွန်း | (၈၄) | အထက-လဟယ် |

၂။ လျှောက်ထားသူသည်

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးပညာရပ်များ၏လက်တွေ့လုပ်ငန်းများအား ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်၊

(ခ) ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အခြေခံပညာ အလယ်တန်းအဆင့် (Grade 9) အောင်မြင်သူ ဖြစ်ရမည်၊

(ဂ) ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် အခြေခံပညာ အလယ်တန်းအဆင့် (Grade 9) အောင်မြင်သူ ဖြစ်ရမည်၊

(ဃ) ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အခြေခံပညာ Grade 10 အောင်မြင်သူများ (သို့မဟုတ်) ကျရှုံးသူများ (သို့မဟုတ်) ရပ်နားထားသူများ ဖြစ်ရမည်။

၃။ သင်တန်းသားရွေးချယ်ရာတွင် စာပိုဒ် ၂၊ (ခ)၊(ဂ)၊ (ဃ)ပါ အစီအစဉ်အလိုက် သတ်မှတ်ဦးရေပေါ် မူတည်၍ ဦးစားပေး ရွေးချယ်သွားမည်ဖြစ်သည်။

၄။ စိုက်ပျိုးရေးအတတ်ပညာ(၃)နှစ်သင်တန်းတွင် အဆင့်မီဖြင့် အောင်မြင်ပါက စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ/ အစိုးရစက်မှုလက်မှုသိပ္ပံ(Farm Machinery) ပထမနှစ်သင်တန်းများသို့လည်းကောင်း၊ အထူးအောင်ဖြင့် အောင်မြင်ပါကရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်(မအူပင်)တို့၏ ပထမနှစ်သင်တန်းသို့လည်းကောင်း၊ မွေးမြူရေးအတတ်ပညာ(၃)နှစ်သင်တန်းတွင် အဆင့်မီဖြင့် အောင်မြင်ပါက စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ/ငါးလုပ်ငန်းသိပ္ပံကျောင်းများ၏ ပထမနှစ်သင်တန်းသို့လည်းကောင်း၊ အထူးအောင်ဖြင့် အောင်မြင်ပါက မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)တို့၏ ပထမနှစ်သင်တန်းသို့လည်းကောင်း သက်ဆိုင်ရာကျောင်းများ၏ ဝင်ခွင့်ရွေးချယ်ရေးမူများအတိုင်း လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

၅။ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများသို့ တက်ရောက်ခွင့်ရရှိသော ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်မည်ဖြစ်ပြီး သင်ကြားသင်ယူမှုအတွက် လိုအပ်သည့် ပုံနှိပ်စာအုပ်များ ပေးအပ်မည့်အစီအစဉ်ရှိပါသည်။

**ဖွင့်လှစ်မည့်သင်တန်းများ**

၆။ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများတွင် အောက်ပါသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးပါမည် -

(က) စိုက်ပျိုးရေးသင်တန်း၊

(ခ) မွေးမြူရေးသင်တန်း။

၇။ ကျောင်းဝင်ခွင့်လျှောက်လွှာများကို အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများတွင် ၂၀-၅-၂၀၁၆ ရက်မှ စတင်ထုတ်ယူနိုင်ပြီး ၂၂-၅-၂၀၁၆ ရက် နောက်ဆုံးထား၍ မိမိတို့တက်ရောက်လိုသည့်ကျောင်းများသို့ လျှောက်လွှာတင်သွင်းရမည်ဖြစ်သည်။

၈။ အသေးစိတ်သိရှိလိုပါက အပိုဒ်(၁)ပါ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံးများ၊ ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းကျောင်းနှင့် စိုက်ပျိုးရေးသိပ္ပံဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)၊ ၀၆၇-၄၁၀၂၉၆ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၁နှင့် ၅ )
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၆ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၀၇

ဦးသိန်းအောင် နှင့် ၁။ ဦးချစ်ညီညီ
၂။ ဒေါ်ရီရီ

**(တရားလို)** **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၁)ရပ်ကွက်၊ ဇေယျာသိဒ္ဓိလမ်း၊ အမှတ်-၃၆၅နေ ၁။တရားပြိုင် ဦးချစ်ညီညီနှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၈)ရပ်ကွက်၊ ဂန္ဓာရုံလမ်း၊ အမှတ်-၄၀၀နေ ၂။ တရားပြိုင် ဒေါ်ရီရီ (ယခုနေရပ်လိပ်စာမသိသူများ)သိစေရမည်။

သင်တို့အပေါ်၌တရားလိုက **"မြေကွက်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ပြုလုပ်ချုပ်ဆိုပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ခုနှစ်၊ မေလ ၂၆ ရက် ( ၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်)နေ့မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူတရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သောအထောက်အထားစာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ခုနှစ်၊ မေလ ၁၄ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နှင်းယုလွင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ဒေါ်စပယ်ကြည်သိန်း(ဘ)ဦးကြည်သိန်း၊ I M C M Co.,Ltd [၁၂/ စခန (နိုင်) ဝ၃၈၇၇၉]နှင့် အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်ရပ်ကွက်၊ အရှေ့မြို့ပတ်လမ်း၊ အမှတ်(၁)နေ ဦးမြင့်သန်း(ခ) ဦးတိုးဖြူ [၁၂/မဂတ (နိုင်) ဝ၄၆၃၈၉]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

လူကြီးမင်းသည် I M C M Co.,Ltd ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီကို ဖွင့်လှစ်ပြီး စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူဖြစ်ကြောင်း၊ လူကြီးမင်းနှင့် ကျွန်ုပ်မိတ်ဆွေ၏ သားဖြစ်သူတို့မှာ လုပ်ငန်းလုပ်ကိုင်ရာတွင် တူညီသည့်အတွက် တစ်ဦးနှင့်တစ်ဦး မောင်နှမအရင်းကဲ့သို့ ရင်းနှီးကြကြောင်း၊ တစ်ဦးနှင့်တစ်ဦး လုပ်ငန်းအတွက် ငွေကြေးအခက်အခဲများ ဖြစ်ပေါ်လာပါကလည်း ကူညီပေးလေ့ရှိကြောင်းကို ကျွန်ုပ်မိတ်ဆွေပြောပြချက်အရ သိရှိရပါသည်။ လူကြီးမင်း၏ လုပ်ငန်းတွင် ငွေကြေးအခက်အခဲများ ဖြစ်ပေါ်လိုအပ်နေသဖြင့် ကျွန်ုပ်၏မိတ်ဆွေထံမှ ငွေကျပ် ၃၅၀၀,၀၀၀၀ဝိ/-ကို ခေတ္တပေးအပ်ရန် အကူအညီတောင်းခံခဲ့ကြောင်း၊ လူကြီးမင်းမှ ကျွန်ုပ်၏မိတ်ဆွေအား ယုံကြည်ရန်အလို့ငှာ လူကြီးမင်းလက်ဝယ်ပိုင်ဆိုင်ထားသည်ဆိုသော မြေကွက်အမှတ်-၄၂/၁၂၊ လူနေရပ်ကွက်အမှတ်-ရွှေပင်လုံအိမ်ရာစီမံကိန်း၊ မြေတိုင်းရပ်ကွက်အမှတ်-(၂၇/၉)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ လူကြီးမင်းအမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်၏ ဂရန်မူရင်းအား ကျွန်ုပ်၏မိတ်ဆွေထံသို့ လူကြီးမင်း ကိုယ်တိုင်လက်ရောက်ပေးအပ်ခဲ့ကြောင်း၊ လူကြီးမင်းကိုယ်တိုင်ပေးအပ်ခဲ့သည့် ဒေါ်စပယ်ကြည်သိန်း အမည်ပေါက် နှစ်(၆၀) ဂရန်မူရင်းသည် ယနေ့အချိန်ထိ ကျွန်ုပ်မိတ်ဆွေထံတွင် ရှိနေကြောင်းကို ကျွန်ုပ်မိတ်ဆွေပြောပြချက်အရ သိရှိရပါသည်။ အဆိုပါငွေကြေးကိစ္စရပ်နှင့် ပတ်သက်၍ (၃၀-၁-၂၀၂၆)ရက်နေ့ နောက်ဆုံးထားပြန်လည်ပေးအပ်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုခဲ့သော်လည်း ကျွန်ုပ်၏မိတ်ဆွေထံမှ လူကြီးမင်းရယူထားသောငွေကြေးများကို ယနေ့အချိန်ထိ ပြန်လည်ပေးအပ်ခြင်းမရှိသေးသည့်အတွက် လူကြီးမင်းထံသို့ ရှေ့နေဖြင့် အသိပေးအကြောင်းကြားစာပေးပို့ခဲ့သော်လည်း လူကြီးမင်းမှ အမှန်တကယ် ပြန်လည်ပေးအပ်ခဲ့ခြင်းမရှိဘဲ တမင်ရှောင်တိမ်းနေပါသဖြင့် ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၁၄)ရက် အတွင်း ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်သန်း (ခ) ဦးတိုးဖြူထံဖြစ်စေ၊ ကျွန်ုပ်ထံဖြစ်စေ ဆက်သွယ်ဖြေရှင်းပေးပါရန်နှင့် လိုက်နာဆောင်ရွက်ပေးခြင်းမရှိပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်စပယ်ကြည်သိန်း သိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

**ဦးမြင့်သန်း (ခ) ဦးတိုးဖြူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုစုမာ (LL.B,LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ် - ၁၂၇၀၇)၊**
**ဖုန်း - ဝ၉-၄၂၀၀၅၈၉၀**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅ ၊ နည်းဥပဒေ ၂၀)
## သုံးခွမြို့နယ်တရားရုံးတော်၌
## ၂၀၂၆ ခုနှစ်၊ တရားမကြီးအမှုအမှတ် ၁၁

ဒေါ်ချယ်ရီ နှင့် ၁။ မရွှေရည်လင်း
၂။ ဒေါ်သင်းသင်းခိုင်

**(တရားလို)** **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သုံးခွမြို့နယ်၊ ပုလဲစံပြကျေးရွာနေ (၁) တရားပြိုင် မရွှေရည်လင်း (ဘ) ဦးစန်းမြင့် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"ငွေကျပ် ၈၀၀၀၀၀ဝိ/-(သိန်းရှစ်ဆယ်ကျပ်တိတိ)ရလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင့်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၈ ရက်(၁၃၈၈ ခုနှစ်၊ နယုန်လဆုတ် ၉ ရက်) မွန်းမတည့်မီ နံနက် (၁၀)နာရီ အချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ မေလ ၁၀ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ရွှေယမင်းဦး)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**သုံးခွမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၁၃၂)၊ မြေကွက်အမှတ်(၂၄၃)၊ မြေအကျယ်အဝန်း အလျားxအနံ (၄၀ပေx၆၀ပေ)၊ ဧရိယာ(၀.၀၅၅)ဧကရှိ ဒေါ်ခင်ချိုသက်[၁၂/အစန(နိုင်)၀၆၃၇၉၇]၊ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက်ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်ချိုသက်ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သွားပါက အပြီးသတ်ငွေပေးချေ၍ တရားဝင်ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်သူဇာငြိမ်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၀၁)**
**အမှတ်(၇၉၃/က)၊ စာဂ(၁၇)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း - ဝ၉-၅၁၃၁၂၀၃၊ ဝ၉-၂၅၁၀၁၂၅၃၀**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(FMI-7)၊ မြေကွက်အမှတ်(၃၂၂)၊ အမှတ်(CA-304)၊ ချယ်ရီ(၂)လမ်း၊ (၄)ရပ်ကွက်၊ FMI City၊ အကျယ်အဝန်း(၈၀ပေx၈၁ပေ)၊ (၆၄၈၀)စတုရန်းပေ၊ ဧရိယာ(၀.၁၄၉)ဧကရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် **(၁) ဒေါ် Lu Yin** [၁/ မကန (ဧည့်) ၀၀၀၆၇၆]၊ **(၂) ဦးတော်မီ** [၁/မကန(နိုင်) ၀၁၂၈၂၀]တို့ (၂)ဦးပူးတွဲအမည်ပေါက်တည်ရှိပြီး အမည်ပေါက်များကိုယ်တိုင်မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဦးလင်းထွဋ်နိုင်** [၅/ ရဘန (နိုင်) ၁၆၂၂၄၄]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသ)ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးလင်းထွဋ်နိုင်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မွန်မွန်ချို(LL.B)** **ဒေါ်စန္ဒာဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)** **တရားလွှတ်တော်ရှေ့နေ(စဉ်-၂၀၂၉၂)**
**အမှတ်(၈၂၈/ခ)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-ဝ၉-၂၅၀၆၈၅၇၁၇၊ ဝ၉-၇၉၇၆၄၀၆၁၆၊ ဝ၉-၅၀၇၉၉၇၈**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ စိုက်ပျိုးရေးလမ်းသွယ်(၂)နှင့် ကြိမ်စက်ရုံလမ်း၊ ကွင်းအမှတ်(၂၇)၊ ကျိုက်ဗောဓိတောင်၊ ဦးပိုင်အမှတ်(၄၂/က)၊ အမှတ်(၅၀)ဟုခေါ်တွင်သော အလျား၂၀xအနံ၈၀ပေ အကျယ်ရှိ မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော တစ်ထပ်တိုက်နေအိမ်(၂)လုံးတို့ကို တရားဝင်ပိုင်ဆိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးအောင်မျိုးလွင် [၁၂/သကတ(နိုင်)၀၀၀၉၄၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အပြီးအပိုင်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိသန္တာဝင်းမောင် (LL.B(Q),LL,M)**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်-၁၁၇၀၆(၁၅.၁၂.၂၀၁၆)**
**အမှတ်(က/၂၂)၊ ခိုင်ရွှေဝါလမ်းသွယ်၊ ပဲခူးစုရပ်ကွက်၊ သန်လျင်မြို့။**
**Ph: 09-795 282 398, 09-254 036 672**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅ ၊ နည်းဥပဒေ ၂၀)
## သုံးခွမြို့နယ်တရားရုံးတော်၌
## ၂၀၂၆ ခုနှစ်၊ တရားမကြီးအမှုအမှတ် ၁၃

ဒေါ်မြင့်မြင့်ဦး နှင့် ၁။ ဦးမျိုးမင်းအောင်(ခ)မျိုးမင်း
၂။ ဦးဟံလင်းအောင်
၃။ ဦးသန်းမင်းထွေး
၄။ ဦးနေထက်လင်း

**(တရားလို)** **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သုံးခွမြို့နယ်၊ ဆယ်ရွာကျေးရွာနေ (၄) တရားပြိုင် ဦးနေထက်လင်း (ဘ) ဦးမြင့်အောင် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၈ ရက် (၁၃၈၈ ခုနှစ်၊ နယုန်လဆုတ် ၉ ရက်) မွန်းမတည့်မီ နံနက် (၁၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ မေလ ၁၈ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ထွယ်ဂျတ်အောင်)**
**မြို့နယ်တရားသူကြီး**
**သုံးခွမြို့နယ်တရားရုံး**

## ၂၀၂၁-၂၀၂၂ ပညာသင်နှစ်မှစ၍ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပြင်ပရောက်ရှိနေသော အခြေခံပညာမူလတန်းဆင့် (Grade 2 မှ Grade 5) နှင့် အလယ်တန်းဆင့် (Grade 6 မှ Grade 9) ကျောင်းသားများအတွက် Placement Test (အထူးအစီအစဉ်)ဖြေဆိုရန် လျှောက်လွှာခေါ်ယူခြင်း

၁။ လျှောက်ထားသူသည် အခြေခံပညာကျောင်း၊ သို့မဟုတ် ကိုယ်ပိုင်ကျောင်း သို့မဟုတ် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် ပညာသင်ယူခဲ့ဖူးသူဖြစ်ရမည်။

၂။ လျှောက်ထားသူသည် မိမိနောက်ဆုံးတက်ရောက်ခဲ့သည့်ကျောင်းမှ နောက်ဆုံးအောင်မြင်ခဲ့သည့်အတန်းအတွက် ကျောင်းထောက်ခံချက်(မူရင်း) သို့မဟုတ် မိတ္တူ(မှန်) ပူးတွဲတင်ပြရမည်။

၃။ ကျောင်းထောက်ခံချက်(မူရင်း) သို့မဟုတ် မိတ္တူ (မှန်) တင်ပြနိုင်ခြင်းမရှိပါက အရေးပေါ်အခြေအနေကြေညာထားသောမြို့နယ်အတွင်းရှိ ကျောင်းတွင် တက်ရောက်ခဲ့သည့် ကျောင်းသားဖြစ်ကြောင်း အထောက်အထား(အရေးပေါ်အခြေအနေကြေညာထားသော မြို့နယ်မှ အမှန်တကယ်ပြောင်းရွှေ့နေထိုင်သူဖြစ်ကြောင်း ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူး၏ထောက်ခံချက်) ပူးတွဲတင်ပြရမည်။

၄။ လျှောက်ထားသူသည် မိမိအသက်အရွယ်အရ တက်ရောက်သင်ယူရမည့်အတန်း၏ တစ်ဆင့်နိမ့်အတန်း Placement Test ကို ဖြေဆိုရမည်။ [ဥပမာ-အသက်အရွယ်အရ Grade 9 တက်ရောက်ရမည့် ကျောင်းသားသည် Grade 8 ကို ဖြေဆိုရမည်။]

၅။ လျှောက်ထားသူသည် အသက်အရွယ်အရ တက်ရောက်ရမည့်အတန်းထက် အဆင့်နိမ့်အတန်းကို တက်ရောက်လိုပါကလည်း ၎င်းအတန်း၏ တစ်ဆင့်နိမ့်အတန်းကို ဖြေဆိုရမည်။ (ဥပမာ- အသက်အရွယ်အရ Grade 9 တက်ရောက်ရမည့် ကျောင်းသားသည် မိမိဆန္ဒအရ Grade 7 ကိုသာ တက်ရောက်လိုပါက Grade 6 ကို ဖြေဆိုရမည်။)

၆။ လျှောက်ထားသူသည် Placement Test. ကျရှုံးပါက မိမိဖြေဆိုသည့်အတန်းကိုသာ တက်ရောက်သင်ယူရမည်။

၇။ ဖြေဆိုလိုသောအတန်းနှင့် မွေးသက္ကရာဇ်အရ အသက်ကိုက်ညီမှုရှိရမည်။ [ကျောင်းသားသည် အသက်အရွယ်အရ ရောက်ရှိရမည့်အတန်းထက် အဆင့်နိမ့်အတန်းကို ဖြေဆိုလိုပါကလည်း လက်ခံရမည်။]

၈။ မွေးသက္ကရာဇ်အတွက် မွေးစာရင်း သို့မဟုတ် အသက်အတွက် ထောက်ခံချက် (အိမ်ထောင်စုစာရင်း) (မူရင်း)ပြ၍ မိတ္တူကို ပူးတွဲတင်ပြရမည်။

၉။ မွေးစာရင်း သို့မဟုတ် အသက်အတွက်ထောက်ခံချက် (အိမ်ထောင်စုစာရင်း) (မူရင်း) တင်ပြနိုင်ခြင်းမရှိပါက အိမ်ထောင်စုစာရင်းမိတ္တူ (မှန်) သို့မဟုတ် ကျောင်းသား၏ နိုင်ငံသားစိစစ်ရေးကတ်ပြား သို့မဟုတ် သက်ဆိုင်ရာမြို့နယ်ကျန်းမာရေးဌာန၏ အသက်ဖော်ပြထားသော ကျန်းမာကြောင်း ဆေးထောက်ခံချက် ပူးတွဲတင်ပြရမည်။

၁၀။ Placement Test (အထူးအစီအစဉ်) ဖြေဆိုခွင့်လျှောက်လွှာများကို မြို့နယ်ပညာရေးမှူးရုံး များတွင် ၂၂-၅-၂၀၂၆ ရက်နေ့မှစ၍ (ပိတ်ရက်မရှိ) အခမဲ့ ထုတ်ယူပြီး ၅-၆-၂၀၂၆ ရက်နေ့ (ရုံးချိန်)နောက်ဆုံးထား၍ မြို့နယ်ပညာရေးမှူးရုံးများသို့ ပြန်လည်တင်သွင်းလျှောက်ထားရမည်။

၁၁။ Placement Test (အထူးအစီအစဉ်)ကို သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံးအစီအစဉ်ဖြင့် သတ်မှတ်ထားသည့် စာစစ်ဌာနများတွင် ၁၅-၆-၂၀၂၆ ရက်နေ့မှ ၂၀-၆-၂၀၂၆ ရက်နေ့အတွင်း ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုရမည့်အစီအစဉ်နှင့် အသေးစိတ်အချက်အလက်များကို လျှောက်လွှာ ထုတ်ယူတင်သွင်းခဲ့သည့် မြို့နယ်ပညာရေးမှူးရုံးများတွင် ဆက်သွယ်စုံစမ်း၍ အစီအစဉ်အတိုင်း ဝင်ရောက်ဖြေဆိုရမည်။

၁၂။ ပညာရေးဝန်ကြီးဌာနမှ ထုတ်ပေးထားသည့် သတ်မှတ်လျှောက်လွှာအတိုင်း ပြည့်စုံစွာ ဖြည့်စွက်ရမည်။ "ပြည့်စုံမှုမရှိသော လျှောက်လွှာများ"ဖြင့် လျှောက်ထားပါက လျှောက်ထားမှုအား "ပယ်ဖျက်"မည်ဖြစ်သည်။

၁၃။ လျှောက်လွှာအား သတ်မှတ်ရက်အတွင်း တင်ပြနိုင်မှုမရှိခြင်းနှင့် သတ်မှတ်နေရာတွင် ဖြေဆိုနိုင်ခြင်းမရှိပါက ဖြေဆိုသူစာရင်းမှ ပယ်ဖျက်ခြင်းကို လိုက်နာရမည်။

၁၄။ Placement Test (အထူးအစီအစဉ်) ဖြေဆိုသည့်နေ့ရက်များတွင် ပညာရေးဝန်ကြီးဌာနက သတ်မှတ်ထားသော ကျောင်းဝတ်စုံ(အဖြူ၊ အစိမ်း)ကို ဝတ်ဆင်ရမည်။

၁၅။ လျှောက်ထားသူသည် အတန်းတက်ရောက်ခွင့်ရရှိပါက ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းများ၌သာ တက်ရောက်ပညာသင်ယူရမည်။

**အခြေခံပညာဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၅)ရပ်ကွက်၊ (၁၁)လမ်း၊ အမှတ်(၂၈/၃၀)ပေါ်တွင်ဆောက် လုပ် ထားသော (၃)ခန်းတွဲ၊ (၇)ထပ်တိုက်၏ ဒုတိယထပ်(၃-လွှာ)(ခေါင်းရင်းခန်း/အမှတ်(၂၈)ဘက်အခန်း)၊ အကျယ်အဝန်း(၂၅ပေx၅၀ပေ)ရှိ တိုက်ခန်း(တစ်)ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာ အပါအဝင် အကျိုးခံစားခွင့်များအားလုံးကိုဝယ်ယူရန် အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထား၍ ယခုရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြသော ဒေါ်အေးအေးဝင်း[၇/ပခန(နိုင်) ၁၇၄၅၁၂]၊ ဦးဝင်းလှိုင်[၇/ပခန(နိုင်)၀၀၁၈၅၈]၊ ဒေါ်လဲ့လဲ့ဝင်း[၇/ပခန(နိုင်)၁၈၁၃၅၆]နှင့် ဒေါ်သင်းမြတ်နွယ်[၇/ပခန(နိုင်) ၁၈၁၃၅၇]တို့၏ ကိုယ်စား ဒေါ်ဌေးဌေးဝင်း[၁၁/သတန(နိုင်)၀၄၅၉၃၄]အား ကျွန်ုပ်၏မိတ်ဆွေမှ တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့် ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်း(မူရင်း)များနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါတိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ် စာချုပ်ဆက်လက်ချုပ်ဆို၍ ဥပဒေနှင့်အညီ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စိုးစိုးမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ် - ၁၀၀၆၃)**
**ဖုန်း-ဝ၉-၄၂၁၀၃၅၉၆၃/ ဝ၉-၇၉၃၀၂၇၆၇၇**
**အမှတ်(၈၆)၊ ၇-လွှာ(စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## Social Media (လူမှုကွန်ရက်)အသုံးပြုသူများနှင့် အများပြည်သူသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသည့် ဦးဇင်ဘိုဘို[၁၂/ဗဟန(နိုင်)၀၉၀၈၉၀]နှင့် ဒေါ်နွယ်နွယ်လင်း [၅/အရတ(နိုင်) ၁၀၆၂၄၇]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏မိတ်ဆွေများသည်"နွယ်ပိုးအိမ်"အမည်ဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်နှင့် တိုင်းဒေသကြီးအချို့တွင် အထည်ဆိုင်ကြီးများဖွင့်လှစ်၍ အများပြည်သူအသုံးပြုနိုင်ရန်အတွက် ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိနေပါသည်။

"နွယ်ပိုးအိမ်"အထည်ရောင်းဝယ်ရေးလုပ်ငန်းသည် ကောင်းသောဂုဏ်သတင်းဖြင့် အများပြည်သူအား စေတနာထား၍ လုပ်ကိုင်ဆောင်ရွက်နေသည့်လုပ်ငန်းဖြစ်ပါသည်။

"နွယ်ပိုးအိမ်"Facebook page အစစ်သည် Follwers (၁.၆)သန်းကျော်ရှိသော Main Page နှင့် Follwers (၅)သန်းကျော်ရှိသော အရန် page နှစ်ခုသာရှိပါသည်။" နွယ်ပိုးအိမ်" Tiktok Page အစစ်သည် Follwers (၄.၄) သန်းကျော်ရှိသော Main Account နှင့် Follwers (၁.၆)သန်းကျော်ရှိသော အရန် Account နှစ်ခုသာရှိပါသည်။

"နွယ်ပိုးအိမ်"အထည်ရောင်းဝယ်ရေးလုပ်ငန်းကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလမှစတင်ပြီး Online အထည်ရောင်းချခြင်းလုပ်ငန်းအား လုပ်ကိုင်ဆောင်ရွက်ခြင်းကို ရပ်ဆိုင်းထားပြီးဖြစ်ပါသည်။

ယခုအခါတွင် ကောင်းသောဂုဏ်သတင်းနှင့်အမည်ရနေသော"နွယ်ပိုးအိမ်"အမည်အား အသုံးပြု၍ Account တုများပြုလုပ်ပြီး Online မှ လိမ်လည်၍ အထည်ရောင်းချခြင်းများပြုလုပ်နေသည်ကို စဉ်ဆက်မပြတ် တွေ့ရှိနေရပါသည်။ အများပြည်သူအနေဖြင့် လွန်စွာထိခိုက်ဆုံးရှုံးနစ်နာနေရပါသည်။ "နွယ်ပိုးအိမ်" မိသားစုမှလည်း အများပြည်သူအတွက် လွန်စွာစိတ်မကောင်းဖြစ်ရပါသည်။

သို့ဖြစ်ပါ၍ "နွယ်ပိုးအိမ်" Accountတု များဖြင့် Online မှ လိမ်လည်ရောင်းချခြင်း၊ လိမ်လည်လှည့်ဖြားရန် အကြံဖြင့် မသမာသောနည်းလမ်းများကိုအသုံးပြုခြင်း၊ "နွယ်ပိုးအိမ်"၏ ဂုဏ်သိက္ခာကျဆင်းစေရန်အတွက် မမှန်မကန်ပြုလုပ်ဆောင်ရွက်မှုများအား (လုံးဝ)မပြုလုပ်ရန် အတိအလင်း အသိပေးတားမြစ်အပ်ပါသည်။ အထက်ပါ အသိပေးတားမြစ်မှုများကို လိုက်နာမှုမရှိဘဲ ဆက်လက်လုပ်ကိုင်ဆောင်ရွက်မည်ဆိုပါက "နွယ်ပိုးအိမ်"နှင့် အများပြည်သူတို့၏ ထိခိုက်နစ်နာမှုများအတွက် သက်ဆိုင်ရာတရားရုံးများတွင် တရားမကြောင်းအရဖြစ်စေ၊ ရာဇဝတ်ကြောင်းအရဖြစ်စေ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇင်ဘိုဘိုနှင့် ဒေါ်နွယ်နွယ်လင်းတို့၏လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်သန်းဌေး(ခ)ဒေါ်သန်းသန်းဌေး (LL.B)** | **ဒေါ်ပန်းသဇင်ကျော်(LL.B)** |
| **(စဉ်-၁၁၄၀၆)** | **(စဉ်-၅၆၆၆၂)** | **(စဉ်-၅၆၈၂၃)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ဝ၉-၄၃၁၁၄၆၅၄**

## အထူးဝမ်းနည်းကြေကွဲခြင်း
## မေ့ဆေးဆရာဝန်ကြီး ဒေါက်တာမြင့်ဆွေ (Australia)
### အသက် (၈၄)နှစ်

ဦးကျော်လင်း (Vice Chairman CB Bank) - သမီး ဒေါ်ခိုင်ရွှေဝါတို့၏ ချစ်လှစွာသောဖခင်၊ မောင်စီစဉ်ကျော်လင်း၊ မောင်အခရာကျော်လင်းတို့၏ ချစ်လှစွာသောအဘိုး မေ့ဆေးဆရာဝန်ကြီး ဒေါက်တာမြင့်ဆွေ အသက်(၈၄)နှစ်သည် ၁၆-၅-၂၀၂၆ ရက် ည ၁၁:၁၄ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**New Star Gems & Jewellery**

## အထူးဝမ်းနည်းကြေကွဲခြင်း
## မေ့ဆေးဆရာဝန်ကြီး ဒေါက်တာမြင့်ဆွေ (Australia)
### အသက် (၈၄)နှစ်

ဦးကျော်လင်း (Vice Chairman CB Bank) - သမီး ဒေါ်ခိုင်ရွှေဝါတို့၏ ချစ်လှစွာသောဖခင် မေ့ဆေးဆရာဝန်ကြီး ဒေါက်တာမြင့်ဆွေ အသက်(၈၄)နှစ်သည် ၁၆-၅-၂၀၂၆ ရက်၊ ည ၁၁:၁၄ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Myanmar Metro Bank**

## အထူးဝမ်းနည်းကြေကွဲခြင်း
## မေ့ဆေးဆရာဝန်ကြီး ဒေါက်တာမြင့်ဆွေ (Australia)
### အသက် (၈၄)နှစ်

ဦးကျော်လင်း (Vice Chairman CB Bank) - သမီး ဒေါ်ခိုင်ရွှေဝါတို့၏ ချစ်လှစွာသောဖခင် မေ့ဆေးဆရာဝန်ကြီး ဒေါက်တာမြင့်ဆွေ အသက်(၈၄)နှစ်သည် ၁၆-၅-၂၀၂၆ ရက်၊ ည ၁၁:၁၄ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Paing Family International Co., Ltd**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အောင်တင် (ခ)ဒေါ်အေးချမ်း
(မာန်အောင်)
### အသက် (၈၁) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၃၄)ရပ်ကွက်နေ (ဦးမောင်ပု-ဒေါ်အေးသာ)တို့၏သမီး၊ [ဦးလှရှိန် (မြန်မာ့သစ်လုပ်ငန်း-ရောင်း/စက်)]၏ဇနီး၊ ဦးမြင့်ဆန်းအောင်-ဒေါ်မြင့်သန်းတင်၊ ဦးမောင်မောင်သင်-ဒေါ်ခင်ခင်ကျော့၊ ဦးငြိမ်းနီ- ဒေါ်ဥမ္မာထွေး၊ ဒေါ်ဝင်းဝင်းရှိန်၊ ဦးစိုးဝင်းထွန်း-ဒေါ်ဝင်းလှဲ့ဝါဝါ၊ ဦးအောင်ပိုင်မိုး၊ (ဦးမျိုးမင်းရှိန်)-ဒေါ်အေးအေးစံ၊ ဦးကျော်ဇော-ဒေါက်တာခင်သော်တာရှိန်တို့၏ မွေးသမိခင်၊ မြေး ရှစ်ယောက်တို့၏အဘွားသည် ၁၉- ၅-၂၀၂၆ (အင်္ဂါနေ့) မွန်းလွဲ ၁၂:၁၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၁-၅-၂၀၂၆ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး၊ ရပ်နီး ဆွေမျိုး၊ မိတ်ဆွေသင်္ဂဟများသို့ အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဘဝမြင့်ရပ်ကွက်၊ မလိခအိမ်ရာ၊ တိုက်(၁၆)၊ အခန်း(၅၂)၏ အမည်ပေါက် ဦးရဲသော် [၁၂/အစန(နိုင်)၁၄၀၃၁၇] ထံမှ ဒေါ်သဉ္ဇာမိုးအောင် [၃/မဝတ(နိုင်) ၀၅၄၈၇၅]က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

## ပြင်ဆင်ဖတ်ရှုပေးပါရန်

၁-၅-၂၀၂၆ ရက်နေ့ ကြေးမုံသတင်းစာ၊ စာမျက်နှာ (၂၁)တွင် ပါရှိသည့် ဦးမြတ်ဝေချို၊ တရားလွှတ်တော်ရှေ့နေ၏ ကန့်ကွက်နိုင်ပါသည် ကြော်ငြာတွင် အမှတ်- ၃၉၈ အစား အမှတ်- ၃၉၈/က ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၂၅)၊ မြေကွက်အမှတ် (၂၉)၊ အကျယ်အဝန်း (၄၀.၆ပေx ၆၀ပေ) (၂၄၃၀ စတုရန်းပေ)ရှိ နှစ်(၆၀)ဂရန်မြေ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဂရန်အမည်ပေါက် ဒေါ်ဝါဝါငွေး [၁၂/ရကန(နိုင်) ၀၃၇၇၁၃]မှ မိမိတို့သာလျှင် တရားဝင်လက်ဝယ်ပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ဖော်ပြပါ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အခြားသူတစ်ဦးတစ်ယောက်ထံ ရောင်းချ၊ ပေါင်နှံ၊ စွန့်လွှတ်၊ ပေးကမ်း၊ လှူဒါန်းထားခြင်းတို့မှ ကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်မိတ်ဆွေအား ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား (စရန်ငွေ)အဖြစ် ဒေါ်ဝါဝါငွေးတို့ထံ ပေးချေထားပြီးဖြစ်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများမှ ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်တကွ ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါ မြေအရောင်းအဝယ်ကိစ္စရပ်အား ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဆုမြတ်အောင် (တရားလွှတ်တော်ရှေ့နေ) စဉ် - ၈၄၅၇**
**LL.B, D.B.L, D.I.L, D.IP.L, Dip in Global English**
**PGDCWE, DL-DIP (101,202,302,317) (Switzerland)**

| | |
|---|---|
| **ဒေါ်အေးနန္ဒာလင်း (LL.B)** | **ဒေါ်မြတ်သီရိဇော် (LL.B)** |
| **(တရားလွှတ်တော်ရှေ့နေ) စဉ်- ၁၃၄၇၅** | **(အထက်တန်းရှေ့နေ) စဉ်- ၅၂၃၃၄** |

**အမှတ်(၁၃၂၅)၊ ရွှေပြည်သာ(၆)လမ်း၊ (၃၂)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။ ဖုန်း- ၀၉-၅၀၂၅၅၈၃၊ ၀၉-၉၆၅၀၂၅၅၈၃**

## ဒေါ်ချမ်းတင်
(ရမ်းဗြဲမြို့)
### အသက်(၈၈)နှစ်

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့၊ အမှတ်(၄)ရပ်ကွက်၊ အောင်ဆိပ်ရပ်နေ (ဦးချမ်းအေး-ဒေါ်မဇင်)တို့၏ သမီးကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ်(၁၁)ရပ်ကွက်၊ စံပါယ်ခြံ (၁)လမ်း၊ အမှတ်(၉၃) နေ ဦးချမ်းမောင်-ဒေါ်သန်းမြတို့၏ အစ်မကြီး၊ ဦးသန်းဝင်း-ဒေါ်မြကေသွယ်၊ ဦးစိုးသိန်း-ဒေါ်မြကေသီ၊ ဦးဇော်ဝင်း-ဒေါ်မြကေခိုင်၊ ဦးကောင်းမြတ်စံ-ဒေါ်သီတာထွေးတို့၏ အဒေါ်၊ မြေး လေးယောက်တို့၏အဘွားသည် ၂၀-၅-၂၀၂၆ (ဗုဒ္ဓဟူးနေ့) နံနက် ၃:၀၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၂-၅-၂၀၂၆ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး၊ မိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (စံပါယ်ခြံ ၁-လမ်းနေအိမ်မှ ကားများ မွန်းလွဲ ၁၂:၁၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၅-၂၀၂၆(အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါသဖြင့် လှိုင်မြို့နယ်၊ အမှတ် (၁၁)ရပ်ကွက်၊ စံပါယ်ခြံ(၁)လမ်း၊ အမှတ်(၉၃)နေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဟန်စိန်
### အသက် (၇၈)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး (ခ)ရပ်ကွက်၊ (၁၆၄)လမ်း၊ အိမ်အမှတ်(၃၄)နေ (ဦးသိန်းမောင်-ဒေါ်လှကြည်)တို့၏ သားကြီး၊ ဦးကျော်ရွှေ၊ ဦးလှိုင်ဝင်း-ဒေါ်ဝင်းကြည်၊ ဒေါ်ခင်ပြုံးရီ၊ ဦးဝင်းရွှေ-ဒေါ်သင်းသင်းနွယ်၊ ဦးမောင်ညွန့်-ဒေါ်ငွေးတို့၏ အစ်ကိုကြီး၊ ဒေါ်တင်တင်ရီ၏ ခင်ပွန်း ဦးဟန်စိန်သည် ၂၀-၅-၂၀၂၆ (ဗုဒ္ဓဟူးနေ့) နံနက် ၉:၅၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၂၂-၅-၂၀၂၆ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်းအား အသိပေးဖိတ်ကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးသိန်းဇော်ထွန်း [၁၂/ဒဂမ (နိုင်) ၀၀၉၆၀၄]နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးကျော်မင်းထွေး [၅/ဒပယ (နိုင်) ၁၀၇၉၁၂] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏မိတ်ဆွေသည် ဦးသိန်းဇော်ထွန်း အမည်ဖြင့် နှစ်(၆၀)ဂရန်ထွက်ရှိထားသော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၆)၊ လူနေရပ်ကွက်အမှတ် (၄၆)၊ မင်္ဂလာသုခ (၂)လမ်း၊ မြေကွက်အမှတ် (၁၂၆၂) ဟုခေါ်တွင်သော အကျယ်အဝန်း (၄၁x၆၀)ပေ၊ ဧရိယာ (၀.၀၅၆)ဧက၊ (၁၄၆၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အဦနှင့် ရေ၊ မီးစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးသိန်းဇော်ထွန်းထံမှ ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူကာ လက်ဝယ်ရရှိပိုင်ဆိုင်ထားခဲ့ပါသည်။ ယခုအခါ အဆိုပါ မြေကွက်အား ကျွန်ုပ်တို့၏မိတ်ဆွေမှ အမည်ပေါက်ဆောင်ရွက်ရန် လိုအပ်လာပါသဖြင့် ယင်းမြေကွက်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် လိုအပ်သည်များအား ယနေ့ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လိုက်လံချုပ်ဆိုဆောင်ရွက်ပေးရန်နှင့် ထိုသို့ဆောင်ရွက်ပေးခြင်းမရှိပါက ကျွန်ုပ်တို့၏မိတ်ဆွေသည် ၎င်းလက်ဝယ်ပိုင်ဆိုင်ထားသည့် ဦးသိန်းဇော်ထွန်း အမည်ဖြင့် နှစ်(၆၀)ဂရန်မြေအား ၎င်းအမည်သို့ ပြန်လည်ပြောင်းလဲနိုင်ရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်မင်းထွေး၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ဖြူဝေဝေအောင် (LL.B)** | **ဒေါ်ယမင်းဖြူဖြူသိန်း [LL.B (Q)]** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၈၂၅၀)** | **အထက်တန်းရှေ့နေ (စဉ်- ၅၇၀၅၃)** |

**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၇၇၇၂၉၁၇၇၅၊ ၀၉-၄၅၂၄၁၆၃၀၉**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ် (၅၈၈-ဂ/၁)၊ ဦးပိုင်အမှတ်-(၁၂-က)၊ ရန်-မန်းကားလမ်းအနောက်ဘက်၊ စွယ်တော်ဘုရားအနီးရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးလှမြင့် [၉/အမရ(နိုင်) ၀၂၉၃၆၃]က အမှုတွဲအမှတ် (၀၁၉၉/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ငယ်တိုးရပ်ကွက်၊ အကွက်အမှတ်(၆၁၆/၂)၊ ဦးပိုင်အမှတ် (၅)၊ မြို့ပတ်လမ်းတောင်ဘက်၊ ထက်မိုဘိုင်းဖုန်းဆိုင်အနီးရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးတင်အောင်ဝင်း [၉/မရမ(နိုင်)၀၂၂၄၇၅]က အမှုတွဲအမှတ် (၀၂၀၀/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဦးဘန်ရီ
**ညွှန်ကြားရေးမှူး (ငြိမ်း)၊ မြန်မာ့ဆေးဝါးလုပ်ငန်း**
### အသက် (၉၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်နေ (ဦးပါဟိန်း-ဒေါ်ရင်စိန်)တို့၏ သားကြီး၊ မော်လမြိုင်မြို့နေ ဦးသန်းအောင်၊ ဒေါ်မော်လီ၊ မုဒုံမြို့နယ်နေ ဒေါ်သန်းသန်းဝင်းတို့၏ အစ်ကို၊ ဒေါ်အေးသန့်၏ ခင်ပွန်း၊ ဦးခင်မောင်ရီ-ဒေါ်ဥမ္မာကို၊ ဦးခင်မောင်သန့် - ဒေါ်ဆဲဆဲထူး၊ ဒေါ်မေဝင်းရီတို့၏ မွေးသဖခင်၊ မြေး ခုနစ်ယောက်၊ မြစ် တစ်ယောက်တို့၏အဘိုး ဦးဘန်ရီ အသက်(၉၄)နှစ်သည် ၂၀-၅-၂၀၂၆ ရက် နံနက် ၉ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၂-၅-၂၀၂၆ (သောကြာနေ့) နံနက် ၉:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးလဖိုင်ခွန်ဆာ
### အသက်(၇၃)နှစ်

မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၊ ပဉ္စမသက်တမ်း (၂၀၁၈ မှ ၂၀၂၁ ထိ) ဥက္ကဋ္ဌတာဝန်ထမ်းဆောင်ခဲ့သော ဦးလဖိုင်ခွန်ဆာသည် (၁၄-၅-၂၀၂၆)ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**MD Bank (PCL)၏ အစုရှယ်ယာရှင်များနှင့်**
**ဒါရိုက်တာအဖွဲ့**

## ဒေါ်ဇာဇာမင်း ပိုင်ဆိုင်သည့် အိမ်ခြံမြေဖြစ်ကြောင်း အများသိစေရန် မြွက်ဟကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၂၁)ရပ်ကွက်၊ မြကျွန်းသာ၊ ကွင်းအမှတ်(၂၈၃-က)၊ ဦးပိုင်အမှတ်(၅/၃) ဟုခေါ်တွင်သော မြေအကျယ် (၈၀ပေx ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော နှစ်ထပ်တိုက်လူနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ဒေါ်ဇာဇာမင်း (ဘ) ဦးစေးခို [၁၂/တတန(နိုင်)၁၆၂၁၃၄] ကိုင်ဆောင်သူမှ တရားဝင်လက်ရှိပိုင်ဆိုင်သည့် အိမ်ခြံမြေဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ယင်းအိမ်ခြံမြေနှင့်ပတ်သက်၍ ဒေါ်ဇာဇာမင်းမှ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းထားခြင်း၊ ပေါင်နှံထားခြင်း၊ ရောင်းချထားခြင်းတို့ ပြုလုပ်ထားခြင်းမရှိပါကြောင်း၊ ထို့အပြင် ဒေါ်ဇာဇာမင်း၏ ခွင့်ပြုချက်မရှိဘဲ ယင်းအိမ်ခြံမြေအား လွှဲပြောင်းရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ကျူးကျော်ဝင်ရောက်ခြင်းတို့ မပြုလုပ်ရန်နှင့် ထိုသို့ပြုလုပ်သူ မည်သူကိုမဆို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဇာဇာမင်း၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မြတ်ပပခိုင် (LL.B)** | **ဒေါ်လှိုင်ဇာလင်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၂၀၂၀၂)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၂၀၂၄၅)** |

**ရုံးခန်း- အမှတ်(၂-ခ)၊ ဘုရင့်နောင်လမ်း၊ (၅/၅)ရပ်ကွက်၊**
**ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၂၁၀၂၀၇၈၀၊ ၀၉-၂၅၀၄၃၁၄၁၃**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၃)၊ မြေကွက်အမှတ်(၄၇၂)၊ ပေ(၄၀x၆၀)ထဲမှ (၂၀x၆၀)ပေ ဦးငွေးဝင်း အမည်ပေါက် ပါမစ်မူရင်းခြမ်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်စပ်အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်ကျော်ဦး [၅/ဆလက(နိုင်) ၀၄၇၆၄၈] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ကျော်ကျော်ဦး [၁၂/ရကန(နိုင်)၀၀၆၉၆၉] ကိုင်ဆောင်သူက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်ကိစ္စအား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်မြင့်ဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၈၉၇၅)**
**အမှတ်(၁၁၉၈)၊ ပင်းယလမ်း၊ (၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၇၅၁၉၂၇၈၉၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၆)၊ အောင်တံခွန်လမ်း၊ မြေကွက်အမှတ်(၈၂၃)၊ အကျယ်အဝန်း (အလျား ၄၀'x အနံ ၆၀') မြေကွက်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မြေယာဌာနတွင် ဒေါ်ကျင်ဟန် [၁၂/လမန(နိုင်) ၀၅၁၅၄၃] အမည်ပေါက်ချထားပေးသော (ပါမစ်)မြေကွက်ဖြစ်ပြီး၊ အဆိုပါမြေကွက်အကျယ်အဝန်းအနက်မှ တရားဝင်မခွဲစိတ်ရသေးသော (ခေါင်းရင်းခြမ်း)ဖြစ်သည့် အကျယ်အဝန်း (၂၀'x၆၀')ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်တိုက်အပါအဝင် ရေ/မီး၊ မီတာနှင့် အကျိုးခံစားခွင့်အရပ်ရပ်ရပ်အားလုံးတို့ကို အပြီးအပိုင်ရောင်းချသူ ဒေါ်နန်းကျင် [၁၃/ကလန(နိုင်) ၀၂၄၈၈၃]က အရောင်းအဝယ်စာချုပ်အဆက်စပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး တရားဝင်လက်ဝယ်ထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နန်းကျင် [၁၃/ကလန(နိုင်)၀၂၄၈၈၃] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်အား လွှဲပြောင်းရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက မည်သူမဆို ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ တရားဝင်ခိုင်လုံသောစာချုပ်စာတမ်း(မူရင်း) အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက သတ်မှတ်နေ့ရက်ကျော်လွန်သည့်အချိန်တွင် အဆိုပါ အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်သင်းယုရွှေ (LL.B, D.B.L)** | **ဒေါ်ကေသွယ်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၁၃၃၆)** | **အထက်တန်းရှေ့နေ (စဉ်- ၄၈၀၆၉)** |

**အမှတ်- ၂၀၄၊ မြိတ်လမ်း၊ (၂၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၄၄၃၁၆၈၀၀၃၊ ၀၉-၇၇၃၁၆၈၀၀၃**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Ms. Ma Jia အား လက်ခံတွေ့ဆုံ



နေပြည်တော် မေ ၂၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Ms. Ma Jia အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်တွေ့ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးနှင့် အေးအတူ ပူအမျှ အသိုက်အဝန်း ပိုမိုခိုင်မြဲစေရေး၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ ပိုမိုတိုးမြှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ နိုင်ငံ့ဝန်ထမ်းများနှင့် လူငယ်များအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး၊ အမျိုးသမီးကဏ္ဍ ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

# တပ်မတော်စစ်ကြောင်းများက CDF၊ CNA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် တွန်းဇံမြို့အား ပြန်လည်သိမ်းပိုက်ထိန်းချုပ်၊ တပ်မတော်မှ ချင်းပြည်နယ်မြောက်ပိုင်းဒေသတစ်ခုလုံးအား အလုံးစုံထိန်းချုပ်



ဖလမ်းမြို့သို့ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ရောက်ရှိလာစဉ်။

နေပြည်တော် မေ ၂၀

ချင်းပြည်နယ် တီးတိန်ခရိုင်အတွင်း ပါဝင်သည့် တွန်းဇံမြို့နယ်သည် ချင်းပြည်နယ်၏ မြောက်ဘက်ပိုင်းတွင် တည်ရှိသည့် တောင်တန်းဒေသ မြို့တစ်မြို့ဖြစ်ပြီး အိန္ဒိယနိုင်ငံနှင့် နယ်စပ်ကုန်သွယ် စီးဆင်းမှုအတွက် အရေးပါသော ဒေသတစ်ခုဖြစ်သည်။ တွန်းဇံမြို့နယ်၏ တောင်ဘက်တွင် တီးတိန်မြို့၊ အရှေ့ဘက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နှင့် မြောက်ဘက်နှင့် အနောက်ဘက်တွင် အိန္ဒိယနိုင်ငံ၏ Manipur နှင့် Mizoram ပြည်နယ်များ တည်ရှိပြီး ဒေသခံပြည်သူများအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အဓိကထားလုပ်ကိုင်ကာ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ၊ ရိုးရာပွဲတော်များဖြင့် အေးချမ်းစွာ နေထိုင်ကြသည့် မြို့တစ်မြို့ဖြစ်သည်။

ထိုသို့ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများဖြင့် အေးချမ်းပျော်ရွှင်စွာ နေထိုင်လျက်ရှိကြသည့် တွန်းဇံမြို့မှ ဒေသခံတိုင်းရင်းသားပြည်သူများအား CRPH၊ NUG အမည်ခံ အကြမ်းဖက်အဖွဲ့များနှင့် ၎င်းတို့၏ လက်ဝေခံဖြစ်သော CDF၊ CNA နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များသည် ၂၀၂၁ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် နိုင်ငံရေးဖြစ်စဉ်များကြောင့် နိုင်ငံ၏ အချို့မြို့များတွင် ဖြစ်ပေါ်ခဲ့သော အစွန်းရောက်တို့၏ ဆူပူအကြမ်းဖက်ဆန္ဒပြမှုများအပေါ် အခွင့်ကောင်းယူကာ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ဖျက်ဆီးပြီး အစိုးရ၏ အုပ်ချုပ်မှုယန္တရားများ ပျက်စီးစေရန်နှင့် ချင်းပြည်နယ်အား ၎င်းတို့စိတ်တိုင်းကျ အုပ်ချုပ်ခွင့်ရရှိရေး စိတ်ကူးယဉ်အိပ်မက်ကို အကောင်အထည်ဖော်ရန်အတွက် နိုင်ငံရေးနည်းလမ်းဖြင့် ရယူခြင်းမရှိဘဲ လက်နက်ကိုင် အကြမ်းဖက်လမ်းစဉ်ကို ရွေးချယ်ကာ

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ❍

## ယနေ့ မိုးလေဝသ (၂၁-၅-၂၀၂၆)

**နေပြည်တော်နှင့်အနီးတစ်ဝိုက်**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်၊ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်၊ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်၊ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မိုး/ဇလ

## ယနေ့ ဖတ်စရာ

**ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူ ၆၂ ဦး ဖမ်းဆီးရမိ**

စာမျက်နှာ » ၁၄

# အာဆင်နယ်အသင်း ပရီမီယာလိဂ်ဖလားဆွတ်ခူးနိုင်ခဲ့ပြီ

ပရီမီယာလိဂ်ပွဲစဉ် (၃၇) ရဲ့ ဥရောပပြိုင်ပွဲဝင်ခွင့်နဲ့ ပရီမီယာလိဂ်ချန်ပီယံဖြစ်ခွင့်အခွင့်အရေးတွေအတွက် မေ ၂၀ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ မန်စီးတီးအသင်းနဲ့ ဘုန်းမောက်အသင်းတို့ပွဲစဉ်မှာ တစ်ဖက်တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့တာကြောင့် အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်နေတဲ့ အာဆင်နယ်အသင်းဟာ ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါတယ်။

မန်စီးတီးအသင်းနဲ့ ဘုန်းမောက်အသင်းတို့ပွဲစဉ်မှာ အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားရတဲ့ ဘုန်းမောက်အသင်းက ပထမပိုင်းပွဲကစားချိန် ၃၉ မိနစ်မှာ ကရူပီရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပြီး ဧည့်သည်အဖြစ် လာရောက်ကစားခဲ့တဲ့ မန်စီးတီးအသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ သာမန်ပွဲကစားချိန်အပြီး

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❐

